# ဘာသာရေးလူနည်းစုနှင့် တောင်အာရှနှင့် အရှေ့တောင်အာရှ ဘာသာရေးနှင့်ယုံကြည်မှု

SEA-AIR Project

Funded by the European Union

World Faiths Development Dialogue

The Network for Religious and Traditional Peacemakers

ဤမူဝါဒအကျဉ်းချုပ်သည် ဥရောပသမဂ္ဂမှ ငွေကြေးပံ့ပိုးသည့် *အရှေ့တောင်အာရှ၊ ဘာသာခြားအချင်းချင်းကြား ဆွေးနွေးစကားဝိုင်း နှင့် ဘာသာရေး သို့မဟုတ် ယုံကြည်မှု လွတ်လပ်ခွင့်* (SEA-AIR) စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် မူဝါဒအကျဉ်းချုပ်စာစောင် ၄ စောင် မှ တစ်စောင် ဖြစ်ပါသည်။ SEA-AIR စီမံကိန်းအား ဘာသာရေးနှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှု ငြိမ်းချမ်းရေးဖော်ဆောင်သူများကွန်ရက်၊ ဖင်န်ချက်ကျောင်းအကူအညီ၊ ဆာသီရာကိုစ် နာကပရာဒီပါ ဖောင်ဒေးရှင်း၊ ကမ္ဘာတစ်ဝှမ်း အစ္စလမ်မစ် ကယ်ဆယ်ရေး၊ ငြိမ်းချမ်းရေးအတွက် ဘာသာရေးများ ဆိုင်ရာ ကမ္ဘာ့ညီလာခံ ကော်ပိုရေးရှင်း နှင့် မူဝါဒအကျဉ်းချုပ်စာဆောင် ၄ စောင် ပြုစုရာတွင် ဦးဆောင်သည့်အဖွဲ့အစည်းဖြစ်သော ကမ္ဘာ့ဘာသာရေးသက်ဝင်ယုံကြည်မှုများ ဖွံ့ဖြိုးရေးစကားဝိုင်း စသည့် အဖွဲ့အစည်းများနှင့် တွဲဖက်လုပ်ကိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

*ဤပုံနှိပ်ထုတ်ဝေမှုကို ဥရောပကုလသမဂ္ဂ၏ ငွေကြေးအကူအညီဖြင့် ထုတ်လုပ်ခဲ့ပါသည်။ ပါဝင်သည့် အကြောင်းအရာများသည် ကမ္ဘာ့ဘာသာရေးသက်ဝင်ယုံကြည်မှုများ ဖွံ့ဖြိုးရေးစကားဝိုင်း နှင့် ဘာသာရေးနှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှု ငြိမ်းချမ်းရေးဖော်ဆောင်သူများကွန်ရက် စသည်အဖွဲ့အစည်းတို့၏ တာဝန်အလုံးစုံဖြစ်ပြီး ဥရောပသမဂ္ဂ၏ အမြင်များကို ကိုယ်စားပြုခြင်းမရှိပါ။*

## ဘာသာရေးလူနည်းစုနှင့် တောင်အာရှနှင့် အရှေ့တောင်အာရှ ဘာသာရေးနှင့်ယုံကြည်မှု

တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဘာသာရေးလူများစုနှင့် လူနည်းစုအဖွဲ့များ အတွင်းနှင့်ထိုအဖွဲ့များအကြား တင်းမာမှုများနှင့် စိန်ခေါ်မှုများသည် လူ့အခွင့်အရေးများနှင့် ငြိမ်းချမ်းရေးထူထောင်ရေးနှစ်ရပ်စလုံးအတွက် ဦးတည်ချက်တစ်ရပ်ဖြစ်ပါသည်။ ဤအကျဉ်းချုပ်စာဆောင်သည်အုပ်စုအဖွဲ့အချို့အားအခြားအဖွဲ့များထက်၎င်းတို့၏ ဘာသာရေးဝိသေသသတ်မှတ်ချက်များ အေပါ်တွင်မူတည်၍ခွဲခြားဆက်ဆံခြင်းနှင့်ဖိနှိပ်ခြင်းတို့ဖြစ်ပေါ်စေသည့် သိသာထင်ရှား သည့်မှားယွင်းမှုများကို အလေးထားဖော်ပြထားပါသည်။ ဤအကျဉ်းချုပ်တွင် နိုင်ငံတစ်နိုင်ငံချင်းဆီအလိုက် လေ့လာတွေ့ရှိချက်များနှင့်မူဝါဒချမှတ်သူများ၊လူ့အခွင့်အရေး ထောက်ခံလှုပ်ရှားသူများနှင့် ငြိမ်းချမ်းရေးထူထောင်သူများအား ဒေသတွင်းနှင့် နိုင်ငံတော်အဆင့်များတွင် အဓိပ္ပါယ်ပြည့်စုံသည့်ဦးတည်ချက်များချမှတ်၍ လုပ်ဆောင်ချက်များအကောင်အထည်ဖော်နိုင်ရန် အထောက်အကူဖြစ်စေမည့် အကြံပြုချက်များကို အကြမ်းမျဉ်းဖော်ပြရေးသားထားပါသည်။

လူနည်းစုများ၏အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် တိုးမြှင့်ပေးရေးတို့သည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းကိစ္စရပ်များတွင် ဆယ်စုနှစ်ပေါင်းများစွာ ပါဝင်လာလျက်ရှိပါသည်။ လူနည်းစုအုပ်စုတစ်စုအား အဓိပ္ပါယ်သတ်မှတ်ချက်နှင့်မည်သည့်ဝိသေသများပါဝင်သည်ကို အငြင်းပွားလျက်ရှိပြီး နိုင်ငံတစ်နိုင်ငံ၏နယ်မြေသတ်မှတ်ချက်အတွင်းဘာသာရေး၊ လူမျိုးစု၊ ဘာသာစကားနှင့်/သို့မဟုတ် နိုင်ငံသားဝိသေသသတ်မှတ်ချက်များအပေါ်တွင်အခြေခံ၍ ၎င်းတို့၏လွှမ်းမိုးမှုမရှိသည့်အခြေအနေများကြောင့် အချို့အုပ်စုအဖွဲ့များ

နှင့်လူထုအဖွဲ့အစည်းများအားသတ်မှတ်ဦးတည်ထား၍ခွဲခြားဆက်ဆံခြင်းနှင့် ပဏာမထား အလွဲသုံးစားပြုခြင်းများကို ပြုလုပ်ခြင်း ခံရလျက်ရှိပါသည် ဘာသာရေး ယုံကြည်မှုများအား ရွေးချယ်ခွင့်နှင့် လက်တွေ့ကျင့်သုံးခွင့်ဆိုင်ရာ သို့မဟုတ်လက်တွေ့ကျင့်သုံးမှုပြုလုပ်ခြင်းမပြုဘဲ နေထိုင်ခွင့် အခွင့်အရေးများသည် အခြေခံ လူ့အခွင့်အရေးဖြစ်ပြီး ဘာသာရေးနှင့်ယုံကြည် ချက်လွတ်လပ်ခွင့်သည် အခြားလူအခွင့်အရေးများဖြစ်သောလွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ အဖွဲ့အစည်းဖွဲ့စည်းခွင့်နှင့် စုရုံးဆန္ဒထုတ်ဖော်ခွင့်တို့နှင့်များစွာ ဆက်နွယ်လျက်ရှိပါသည်။ အလား တူပင်မည်သည့်ဘာသာရေးကိုမျှလိုက်နာကျင့်သုံးခြင်းမရှိဘဲ နေထိုင်ခွင့်သည်လည်းလူအခွင့် အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ ခေတ်မှီနိုင်ငံတစ်နိုင်ငံတွင် ထိုလူ့အခွင့်အရေးများကို အကာ အကွယ်ပေးရန် တာဝန်တစ်ရပ်ရှိပါသည်။



## *ပုံ ၁။ ဘာသာရေးလွတ်လပ်ခွင့် နှင့် ယှက်နွယ်လျက်ရှိသည့် အခြေခံလူ့အခွင့်အရေးများအကြား အချင်းချင်းဆက်နွယ်မှု (ဗင်းန်ဒိုင်ယာဂရန်)*[1]

အုပ်စုတစ်ခုအား လူနည်းစု သို့မဟုတ် လူများစု အုပ်စု ဖြစ်သည်ကို အပြည်ပြည်ဆိုင်ရာတွင် သဘောတူညီထားပြီး ပေါင်းစည်းထားသည့်အဓိပ္ပါယ်သတ်မှတ်ချက် မရှိပါ။[2] "လူနည်းစု" နှင့် "လူများစု" များအကြား ကွာခြားချက်အား နားလည်သဘောပေါက်ခြင်းသည် နှိုင်းရအားဖြင့် လက်တလောပေါ်ထွန်းလာသည့် ကိစ္စရပ်တစ်ရပ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဥပဒနှင့်ဖွံ့ဖြိုး တိုးတက်ရေးအကြောင်းအရာ စာပေများတွင် တက်ကြွစွာငြင်းခုံဆွေးနွေးကြသည့်ကိစ္စရပ် တစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးရုံးမဟာမင်းကြီးသည် မတူညီကွဲပြားသည့် နယ်ပယ် ရပ်များမှ ပေါ်ထွန်းလာသည့် အဓိပ္ပါယ်သတ်မှတ်ချက်များအပေါ် အငြင်းပွား ဆွေးနွေးကြခြင်းကို တွေ့ရှိရပါသည် "[...] လူနည်းစုအုပ်စုများ နေထိုင်သည့် အခြေအနေရပ် အမျိုးအမျိုးရှိကြပြီး အချို့သည့်လူဦးရေ၏ လွှမ်းမိုးမှုကြီးသည့် အစိတ်အပိုင်းများမျခွဲခွာ၍ သိသာစွာသတ်မှတ် ထားသည့်တည်နေရာများတွင် အတူတကွနေထုိင်ကြပါသည်။ အချို့မှ နိုင်ငံတစ်ဝှမ်းတွင် ပျံ့နှံ့စွာနေထုိင်ကြပါသည်။အချို့လူနည်းစုအုပ်စုများတွင် ခိုင်မာသည့်အစုအဖွဲ့ဝိသေသသတ်မှတ် ချက်များဆိုင်ရာ ခံစားချက်များရှိကြပြီး သမိုင်းမှတ်တမ်းတင်ကြပါကာ အခြားသောအုပ်စုများမှာ ၄င်းတို့၏ဘုံအမွေအနှစ်၏ တစ်စိတ်တစ်ပုိင်းသော အယူအဆများကိုသာလျှင်ထိန်းသိမ်းလျက်ရှိ ကြပါသည်"။[3] ဤစိန်ခေါ်မှုတစ်ရပ်ကိုရင်ဆိုင်နိုင်ရန်အတွက် ဓမ္မဓိဌာန်ကျ (ဥပမာ မျှဝေ လူမျိုးစု၊ ဘာသာစကားသို့မဟုတ် ဘာသာရေး) နည်းလမ်းများနှင့် ပုဂ္ဂလဓိဌာန်ကျ နည်းလမ်းများ (

[1] အရင်းအြမစ်၊ "ဘာသာရေးလူနည်းစုများနှင့်သက်ဆိုင်သည့် လူသားများအခွင့်အရေးနှင့် လွတ်လပ်ခွင့်အကာအကွယ်ပေးရေးနှင့် တိုးမြှင့်ပေးရေး" နော်ဝေဂျီရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အောက်ပါလင့်ခ်မှ ရယူသည်။
https://www.regjeringen.no/contentassets/b7384abb48db487885e216bf53d30a3c/guidelines_minorities.pdf

[2] ကုလသမ္မဂနှင့် ကုလသမ္မဂအဖွဲ့အစည်းများ၊ *လူနည်းစုအခွင့်အရေးများ အကာအကွယ်ပေးရေးနှင့် တုိုးမြှင့်ပေးခြင်း၊ ထောက်ခံလှုပ်ရှားသူများအတွက် လမ်းညွှန်*၊ ဂျနီဗာ၊ ကုလသမ္မဂ၊ ၂၀၁၂ ခုနှစ်

[3] "OHCHR | အပြည်ပြည်ဆိုင်ရာဥပဒေမှ လူနည်းစုများကိုအကာအကွယ်ပေးြခင်း" ၂၀၂၁ ခုနှစ် မေလ ၁၇ ရက်နေ့တွင်ရယူသည်။
https://www.ohchr.org/EN/Issues/Minorities/Pages/internationallaw.aspx.

ကိုယ်တိုင်ဝိသေသခွဲခြားသတ်မှတ်ခြင်း)တို့ကို အုပ်စုတစ်စုအား လူနည်းစုသို့မဟုတ် လူများစုအဖြစ် သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

အဓိပ္ပါယ်သတ်မှတ်ချက်များ၏ စိတ်ခေါ်မှုများကိုဘာသာရေးလူနည်းစုနှင့် သက်ဆိုင်သည့် အခြေအနေများတွင် တိုးပွားလာနိုင်ပါသည်။ တိုးပွား ခက်ခဲမှုအလွှာပေါင်းစုံများကို ဘာသာရေး တစ်ခုအားအဓိပ္ပါယ်သတ်မှတ်ခြင်း၏ရှုပ်ထွေးမှုများမှ ဖြစ်ပေါ်လာနိုင်ပါသည်။ လက်ရှိအပြည်ပြည် ဆိုင်ရာ နည်းလမ်းများဖြစ်သောကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာချက် ၁၉၄၈၊ ပြည်သူ့ ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights) နှင့် ၁၉၈၁ ဘာသာရေး သို့မဟုတ် ယုံကြည်မှုအပေါ် အခြေခံ၍ ပုံစံအမျိုးမျိုးဖြင့်ဖိနှိပ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ပပျောက်ရေးဆိုင်ရာ အထွေထွေ ညီလာခံကြေငြာချက် စသည်တို့သည်လည်း ဘာသာရေးတစ်ခု၏ အဓိပ္ပါယ်သတ်မှတ်ချက်ကို ဖွင့်ဆို ထားခြင်းမရှိပါ။ ထို့အပြင်ဘာသာရေးလူနည်းစုများသည် စုစည်းချိတ်ဆက်သည့် ဝိသေသ သတ်မှတ်ချက်များ (မျိုးနွယ်စု၊ ဘာသာစကား၊ လူမျိုး၊ ပထဝီပြင်အနေအထားတည်နေရာစသည် တို့အပေါ်တွင်အခြေခံ၍) ရှိပါသည်။ ထို့ကြောင့် ၎င်းတို့အား ဘာသာရေးအပေါ်အခြေခံ၍ အမျိုး အစားခွဲခြားခြင်းသည် ရုပ်လုံးတစ်စုံလုံးကို လွှမ်းမိုးပါဝင်နိုင်မည်မဟုတ်ပါ။ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာ လေ့လာသူပညာရှင်များအနေဖြင့်၎င်းစိန်ခေါ်မှုများကိုပိုမိုကျယ်ပြန့်သည့်ရှုထောင့် အမြင်ဖြင့် ထောက်ပံ့ကူညီလှုပ်ရှားပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းအချို့ကို အကြံပြုကြပါသည်။

> သို့သော်လည်းဘာသာရေးလူနည်းစုများအတွက် မေးခွန်းထုတ်ဖွယ်ရာများသည် ဘာသာ ရေး၏အဓိပ္ပါယ်သတ်မှတ်ချက်များနှင့် ၎င်းတို့၏အိမ်ရှင်နိုင်ငံများ၏ ပြည်တွင်းဥပဒေ ရပ်များအောက်မှ ဥပဒေအစုအဖွဲ့တစ်ရပ်အဖြစ် ၎င်းတို့၏စွမ်းအားများ၏ အတိုင်းအတာ တွင်သာ ရှိနေခြင်းမဟုတ်ပါ။
>
> ၎င်းတို့၏ ဘာသာရေးအလေ့အထများ နှင့် အကျိုးဆက် ခွဲခြားသတ်မှတ်ချက် ဝိသေသများ သည် ၎င်းတို့၏ ဖြစ်တည်မှုကိုတည်ဆောက်ခြင်းဖြစ်သော်လည်း ဘာသာရေးဆိုင်ရာ

> အခွင့်အရေးများဖြင့် သတ်မှတ်ကန့်သတ်ထားခြင်းမရှိဘဲ၎င်းတို့၏ကိုယ်တိုင်လူနည်းစုအစုအဖွဲ့တစ်ခုအဖြစ်တည်ရှိမှုဆိုင်ရာအခြေအနေတစ်ရပ်သည် သာတူညီစွာ အရေးပါပါ သည်။[4]

ဘာသာရေးသုိ့မဟုတ်ယုံကြည်မှုဆိုင်ရာလွတ်လပ်ခွင့်ဆိုင်ရာ အခွင့်အရေးအား ထိန်းသိမ်းထားနိုင်ခြင်းသည် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များဖြစ်သည့် ၂၀၃၀ ခုနှစ်တွင် လူပုဂ္ဂိုလ်တစ်ဦးချင်းဆီနှင့် လူထုအစုအဖွဲ့ တစ်ခုဆီတိုင်၏ ဘဝများအားတိုးတက်ကောင်းမွန် စေရမည်ဟူသည့်ရည်ရွယ်ချက်အတွက် အရေးပါပါသည်။ ထုိ့ကြောင့် ခွဲခြားဆက်ဆံခြင်းနှင့် ဖိနိုပ်ခြင်းခံရနိုင်သည့် လူပုဂ္ဂိုလ်နှင့် အုပ်စုများကို ခွဲခြားသတ်မှတ်ခြင်း နှင့် နားလည်သဘောပေါက်ခြင်း နှင့် ဘာသာရေးနှင့် ယုံကြည်မှုအခြေအမြစ်များ တန်းတူညီမျှတမှုမရှိခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာရေးရာကိစ္စရပ်နှင့် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့် ဆက်နွယ်ပါသည်။ SEA-AIR စီမံကိန်းသည် ဘာသာရေးနှင့် ယုံကြည်မှုဆုိင်ရာ လွတ်လပ်ခွင့်(FoRB) နှင့်အား အကာအကွယ်ပေးခြင်းအတွက်ပိုမိုမြင့်မားသည့် သဘောတူညီချက်များနှင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ မတူညီသော ဘာသာရေးဆက်နွယ်မှုများရှိသော လူပုဂ္ဂိုလ်များနှင့် လူထုအစုအဖွဲ့များအကြား ငြိမ်းချမ်းစွာ အတူတည်ရှိ နေထိုင်သွားနိုင်ရေး ပိုမိုကိုက်ညီပံ့ပုိးသည့် ရပ်ဝန်းကိုရရှိနိုင်ရေးအတွက် ပံ့ပုိးကူညီအထောက်အကူပြုလျက် ရှိပါသည်။ ဤလုပ်ငန်းသည် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင် ၁၆၊ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းပြီး အားလုံးလွှမ်းချုံပါဝင်သော လူ့အဖွဲ့အစည်းများကို တိုးမြှင့်ရေး၊ အားလုံးအတွက် တရားမျှတမှုရရှိရေး နှင့် အဆင့်အလွှာပေါင်းစုံတွင် ထိရောက်မှုရှိသော၊ တာဝန်ခံမှုရှိပြီးအားလုံးလွှမ်းခြုံပါဝင်သော အဖွဲ့အစည်းများ ထူထောင်ရေးတို့ကို တိုက်ရိုက်ပံ့ပိုးအထောက် အကူပြုပါသည်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက် ၁၆ ခ.[၁] တွင် SEA-AIR စီမံကိန်းအတွက်ထူးခြားချက်ချက်ရှိပါသည်၊ ဤသည်မှာ“ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲခြားဆက်ဆံခြင်းကင်းသည့်ဥပဒေများနှင့် မူဝါဒများကို အကောင်အထည်ဖော်တိုးမြှင့်ရေး”ဟူသည့်ပန်းတိုင်ဖြစ်ပါသည်။ အထူးသဖြင့် ဘာသာရေးလူနည်းစုအုပ်စု များအတွင်းမှ အမျိုးသမီးများနှင့်အခြားကျားမလိင်ဝိသေသကွဲပြားသူ လူနည်းစုများသည်အများအားဖြင့် အကာအကွယ်မဲ့ကြပြီးအဓိကစိုးရိမ်ဖွယ်ကဏ္ဍများကို ခွဲခြားသတ်မှတ်ခြင်းနှင့်ကျားမ တန်းတူညီရေး (SDG ၅)ကို ရရှိနိုင်ရေးအတွက် ခိုင်မာသည့်လုပ်ငန်းဆောင်ရွက်ချက်များကိုအကြံပြုခြင်းသည် ဦးစားပေးတစ်ခုဖြစ်ပါသည်။

---

[4] ဂီဘော့တ် ဂျော့ဖ်၊ “ဘာသာရေးလူနည်းစုများနှင့် ၎င်းတို့၏ အခွင့်အရေးများ၊ ချဉ်းကပ်မှုပြဿနာရပ်၊” *အပြည်ပြည်ဆိုင်ရာ လူနည်းစုနှင့် အုပ်စုများအခွင့်အရေးဆိုင်ရာ ဂျာနယ်* ၅၊ အမှတ်စဉ် ၂( ၁၉၉၇)၊ ၉၇-၁၃၄။

## တောင်အာရှနှင့် အရှေ့တောင်အာရှမှ ဘာသာရေးလူနည်းစုများ၏ ရှုပ်ထွေးသောနယ်ပယ်

တောင်အာရှနှင့် အရှေ့တောင်အာရှသည် ဘာသာရေးအုပ်စုများ ကမ္ဘာ့ကွဲပြားမှုအများဆုံးေသာ (နုိင်ငံတည်နေရာ နယ်နိမိတ်များအတွင်း ဖြန့်ကျက်နေထိုင်မှ အားဖြင့်) ဒေသတစ်ခုဖြစ်ပါသည်။ လူထုအစုအဖွဲ့များ ( ငြိမ်းချမ်းရေး နှင့် ထုိထက်နည်းပါးသော) အချင်းချင်းချိတ်ဆက်ခြင်းသည် သိသာထင်ရှားပါသည်။ဆယ်စုနှစ်ပေါင်းများစွာအင်ဒိုနီးရှားနှင့်အခြားနိုင်ငံများမှမွတ်ဆလင် ဘုရားဖူးခရီးသည်များသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကမ္ဘာ့ဒုတိယအကြီးဆုံးအစ္စလမ်မစ်အစု အဝေးကြီးအတွက် စုဝေးကြတေ့ွဆုံကြပါသည် (အစ်ဂျ်တီမာ ဟုခေါ်ကြပါသည်)။ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၊သီရိလင်္ကာနိုင်ငံ၊ ထိုင်းနုိင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ဟိန္ဒူလူမျိုးများသည်လည်း အိန္ဒိယ နိုင်ငံတွင်ဘုရားဖူးအစဉ်အလာကိုလုပ်ဆောင်ကြပါသည်။ ထိုင်းနိုင်ငံမှအမျိုးသမီးဗုဒ္ဓဘာသာဝင် ဘုန်းကြီးများသည် သီရိလင်္ကာနိုင်ငံတွင် သုျငသာမနေပြုကြပါသည်။ မြန်မာနိုင်ငံမှ ဗိသုကာ ပညာရှင်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုဒ္ဓရုပ်ပွားတော်များကို ပုံစံခရန် ပံ့ပိုးကြပါသည်။ သို့သော်ဘာသာရေးနီးနှောသည့်အမျိုးချစ်စိတ်သည် ဒေသအတွင်းတွင်ပွားများလာသည်နှင့် အချင်းချင်း ချိတ်ဆက်မှုသည် မျိုးနွယ်စု၊ ဘာသာရေး နှင့် ဘာသာစကားအဓိကလွှမ်းမိုးမှုမရှိသည့် အင်အားနည်းလူထုအုပ်စုများအတွက် ချိန်းခြောက်မှုများ ပိုမိုကြီးထွားလာစေပါသည်။ အကြိုးဆက် အားဖြင့်အိန္ဒိယနိုင်ငံမှ လူများစု ဟိန္ဒူဘာသာဝင်များနှင့် လူနည်းစုမွတ်ဆလင်ဘာသာဝင် များအကြား လူထုအစုအဖွဲ့အတွင်း အကြမ်းဖက်မှု ဖြစ်ပေါ်မှုများကေြာင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူများစုမွတ်ဆလင်များနှင့်လူနည်းစုဟိန္ဒူဘာသာဝင်များအကြားတိုက်ခိုက်မှုဖြစ်ပေါ်စေခဲ့ပါ သည်။ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များမှ မွတ်ဆလင် ရိုဟင်ဂျာများ ဖိနှိပ်မှုများကေြာင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဗုဒ္ဓဘာသာဝင်များကိုအကြမ်းဖက်မှု ဖြစ်ပွားရန်အလား အလာဖြစ်ပွားလေ့ရှိပါသည်။ သီရိလင်္ကာနိုင်ငံမှ တမီးလ်လူမျိုးများ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဟိန္ဒူလူမျိုးများသည် အိန္ဒိယနိုင်ငံနှင့် ပိုမိုခိုင်မာသည့် ချိတ်ဆက်မှုများရှိသည်ဟု ယူဆကြပြီး ၄င်းတို့သည် အရှက်သိက္ခာခွဲခြင်း၊ တိုက်ခိုက်ခြင်းနှင့် ဖယ်ရှားခြင်းတို့ပြုလုပ်ရန် ဦးတည်ထားြခင်း ခံရပါသည်။ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဒေသအတွင်းအချင်းချင်း ချိတ်ဆက်

မှီတည်မှုကိုနည်းလည်သဘောပေါက်ထားခြင်းနှင့် ဒေသတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် လူမှုပေါင်းစည်းညီညွတ်ရေးဆိုင်ရာချဉ်းကပ်လုပ်ဆောင်မှုများ အားကောင်းစေခြင်းတို့သည် အထူး အရေးပါပါသည်။ အောက်ဖော်ပြပါအပိုင်းတွင် နိုင်ငံငါးနုိင်ငံမှ လေ့လာတွေ့ရှိချက်များကို ဖော်ပြထားပြီးလွှမ်းမိုးမှုနည်းပါးသည့် ဘာသာရေးအုပ်စုများအတွက် ဘာသာရေးနှင့် ယုံကြည်မှု လွတ်လပ်ခွင့်ချိုးဖောက်ခြင်းကို အထူးဦးတည်ထားဆေွးနွေးထားပါသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွတ်လပ်ရေးရသည့်အချိန် ၁၉၇၁ ခုနှစ်မှ ယနေ့အချိန်အထိ ဘာသာရေး လူနည်းစုများ၏လူဦးရေသည် ပုံမှန်လျော့နည်းကျဆင်းလာသည့်ကို တွေ့ရပါသည်။အစ္စလမ် ဘာသာသည် သိသာသည့်အဓိကလူများစုဘာသာရေးဓလေ့ထုံးတမ်းဖြစ်ပါသည်။လက်ရှိတွင် ဘာသာရေးလူနည်းစုအုပ်စုများတွင် ခန့်မှန်းေချစုစုေပါင်းလူဦးရေ၏ ၉.၆% ရှိပြီး လွန်ခဲ့ သောနှစ်ပေါင်း (၅၀) တွင် ၂၃.၁ % ရှိခဲ့ရာ သိသာထင်ရှားစွာလေျာ့နည်းသွားမှုကို တွေ့ရ ပါသည်။[5] ၂၀၁၁ ခုနှစ် နိုင်ငံတော်သန်းခေါင်စာရင်းအရ ဟိန္ဒူဘာသာဝင်များသည် အများဆုံးေသာဘာသာ ရေးလူနည်းစု (လူဦးရေ၏ ၈.၆ %)ဖြစ်ပြီး ထို့နောက်အများဆုံးသောဘာသာများမှာ ဗုဒ္ဓဘာသာ (၀.၆% )၊ ခရစ်ယာန်ဘာသာဝင်များ (၀.၃%) နှင့် အခြားလူမျိုးစုယုံကြည်သက်ဝင်မှုများ (၀.၁ % အောက်) တို့ဖြစ်ပါသည်။ ထုိ့အပြင် လူဦးရေးပိုမိုနည်းပါးသည့် ပိုမိုကျယ်ပြန့်သောမွတ်ဆလင် (ဆူနီ) လူဦးရေးအတွင်းတွင် သိသာထင်ရှားသည့်ဘာသာရေးလူနည်းစုများလည်းရှိပြီး ၄င်းတို့တွင်ရှိ (<၁ %)နှင့်အက်ဒ်မဒီရာ (ခန့်မှန်းချေအားဖြင့် ၁၀၀ ၀၀၀ ဦးရေခန့်)[6] တို့ပါဝင်ပါသည်။ ဗဟာအီ လူထုအဖွဲ့အစည်းသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိအရပ်ဖက်လူ့အဖွဲ့အစည်းများတွင်တက်ကြွစွာပါဝင်

[5] အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးလှုပ်ရှားမှုအဖွဲ့၊ *ချိန်းခေြောက်ခံရသော၊ ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးလူနည်းစုများ၏စိန်ခေါ်မှုများ*၊ စာတမ်း/ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးများ၊ ၂၀၁၆ ခုနှစ် (၄)၊ လန်ဒန်၊ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးအုပ်စု၊ ၂၀၁၆ ခုနှစ်

[6] ၁၉၄၇ခွဲထွက်ခြင်း ကာလတွင်း ဘီဟာနှင့် အနောက်ဘန်ဂယ်မှ ပေြောင်းရွှေ့လာကြသော ဘင်္ဂလားဒေ့ရှ်မှ အူရဒူဘာသာစကားပေြော ဘီဟာရီလူဦးရေ ၃၀၀ ၀၀၀ ခန့်မှန်းချေရှိသည်။ ဘီဟာရီသည် ဆူနီယဉ်ကျေးမှုကျင့်သုံးပြီး ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးမဟုတ်ဘဲ လူမျိုးစုနှင့် ဘာသာစကားလူနည်းစုတစ်ခုအဖြစ် သတ်မှတ်ကြသည်။

လျက်ရှိပြီး ၄င်းတို့၏အရေအတွက် ခန့်မှန်းချေမှာ (၁၀၀၀၀မှ ၃၀၀၀၀၀ အထိ)[7] ကွဲပြား လျက်ရှိပါသည်။လက်တလောစာတမ်းများအရ လူနည်းစုလူဦးရေများ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင်းမှဟိန္ဒူဘာသာဝင်များသည် လူဦးရေတိုးပွားလာသည်ဟုဆိုထားပါသည်(ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ဟိန္ဒူလူဦးရေသည် ၁၉၅၁ခုနှစ်မှ ၂၀၁၁ခုနှစ်[8] ကြားကာလအတွင်း ၂၂ % မှ ၉% အထိ လျော့နည်းခဲ့ပြီးခန့်မှန်းချေတစ်ခုအရ၂၀၁၇ ခုနှစ်တွင် ရာခိုင်နှုန်းသည် ၁၀.၇ % အထိတိုးပွား လာခဲ့သည် ဟုဆိုပါသည်[9]) ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဘာသာရေးဆိုင်ရာအလေ့အကျင့်များကို ကျင့်သုံးရန် တန်းတူညီသည့် အခြေအနေနှင့် တန်းတူညီသည့် အခွင့်အရေးများကို အခိုင်အမာ ေပးအပ်ထားပြီး အစ္စလမ်ဘာသာအရ ဘာသာရေး အခြေအနေတစ်ခုအဖြစ် ပေးထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၉ နှင့် ၄၁ အရ လွတ်လပ်စွာတွေးေခါ်ခွင့်၊ အသိသညာရယူခွင့် နှင့် လွတ်လပ်စွာကိုးကွယ်ခွင့်တို့ကို ဘာသာရေးများအားလုံးကို အခိုင်အမာ အတည်ပြုကြေညာခွင့်၊ လေ့ကျင့်ခွင့် သို့မဟုတ်ပွားမြားခွင့် အခွင့်အရေးများကို ပြုလုပ်ရန် အခိုင်အမာအကာအကွယ် ပေးထားသည်။ သို့ေသာ်လည်း၎င်းအခွင့်အရေးများသည် "ဥပဒေ၊ အစိုးရအမိန့်နှင့် ကုိယ်ကျင့် တရားဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ပါသည်"။[10] ဥပဒေပုဒ်မ (၄၁) တွင် ဘာသာရေးလူထုအစု အဖွဲ့တိုင်းသို့မဟုတ် ဂိုဏ်းဂဏတိုင်းအား ၄င်းတို့၏ ဘာသာရေးအဖွဲ့ အစည်းများကို ကိုယ်တိုင် ထူထောင်ခွင့်၊ထိန်းသိမ်းခွင့်နှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ အခွင့်အရေးများကို ပေးအပ်ထားပါသည်။ ဘာသာရေးဆက်နွယ်မှုအတွက်တရားဝင်ခွဲခြားသတ်မှတ်ရန်နည်းလမ်းများ မရှိသေးသဖြင့် ဘာသာရေးလူနည်းစုများ၏ တွဲဖက်ဆက်နွယ်သည့် အရည်အချင်းများသည် ၄င်းတို့အား ဖွဲ့စည်းပုံအရခွဲခြားဆက်ဆံခြင်းကို ခံစားရစေရန် အလားလာများသို့ တွန်းပို့လျက်ရှိပါသည်။ ဥပမာ အစိုးရမှထုတ်ပေးသည့် နိုင်ငံသားစစ်ဆေးရေးကဒ်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်တစ်စုံ တစ်ဦး၏

[7] အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးလှုပ်ရှားမှုအဖွဲ့၊ *ချိန်းခေ[ြ]ာက်ခံရသော၊ ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးလူနည်းစုများ၏စိန်ခေါ်မှုများ*၊ စာတမ်း/ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးများ၊ ၂၀၁၆ ခုနှစ် (၄)၊ လန်ဒန်၊ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးအုပ်စု၊ ၂၀၁၆ ခုနှစ်

[8] ဟိုက်ဒါ. အမ် မိုင်နူဒင်၊ မီဇနာ ရာမန်နှင့် နာဟစ်ကာမယ်၊ "ဘင်္ဂလားဒေ့ရှ်မှ ဟိန္ဒူလူဦးရေတိုးပွားမှု၊ လူဦးရေမေးခွန်း" *ဘာသာရေးနှင့် လူဦးရေဂျာနယ်၊* အမှတ် ၁ (၂၀၁၉ ခုနှစ် မေလ ၆ ရက်) ၁၂၃-၄၈. https://doi.org/10.1163/2589742X-00601003.

[9] "ဘင်္ဂလားဒေ့ရှ်မှ ဟိန္ဒူလူဦးရေတိုးပွားလာခြင်း၊ ဒေလီ" ၂၀၂၁ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရယူသည် https://en.prothomalo.com/bangladesh/Hindu-population-in-Bangladesh-increasing-Delhi.

[10] အစိုးရ "ဘင်္ဂလားဒေ့ရှ်" ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်။ https://2009-2017.state.gov/documents/organization/171752.pdf.

ဘာသာရေးကို သိသာမြင်သာစွာပါဝင်ခြင်းမရှိပါ။ သို့သော်လည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ထင်ရှားသည့်အမည်များကို ကြည့်ရှု၍၎င်းတို့၏ဘာသာရေးဆက်နွယ်မှု/ သက်ဝင်မှုကိုသိသာစေနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း အခိုင်အမာအတည်ပြုချက်များနှင့် ပြဌာန်းချက်များ ရှိသော်လည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံဘာသာရေး လူနည်းစုများသည် de facto အကြောင်းချင်းရာ လက်တွေ့သဘောအရ အစိုးရနှင့် လွှမ်းမိုးထားသည့် အခြားဘာသာရေး သက်ဝင်ယုံကြည်မှုများ၏ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်းနှင့် လွှမ်းမိုးမှုခံရခြင်းများကိုပုံမှန် နှင့် ဆက်လက်ကြုံတွေ့ရလျက်ရှိပါသည်။

ပြောင်းရွှေ့နေထိုင်ခြင်း(ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှင့် နယ်စပ်ဖြတ်ကျော်ခြင်း)သည် ဘာသာရေး လူနည်းစုများအား အင်အားကြီးသည့် ပါဝင်ပက်သက်သူများနှင့် အကျိုးအမြတ်ရှာသည့် အဖွဲ့အစည်းများနှင့် အဓမ္မနှင်ထုတ်ခြင်းပြုမှု ဦးတည်တိုက်ခိုက်ခံရသည့် ပဋိပက္ခများ၊ အကြမ်းဖက်မှုများ နှင့် ဆန္ဒပြအကြမ်းဖက်မှုများ ကြောင့် ပိုမိုများပြားလာလျက်ရှိပါသည်။[11] [12]ဘာသာရေး လူနည်းစုများအပေါ် အကြမ်းဖက်မှုနှင့် စိုးမိုးခြင်းဆိုင်ရာ အဓိကပုံစံတစ်မျိုးအဖြစ် တွေ့နိုင်သည်မှာ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများအား သိသာစွာအလွဲသုံးစားပြု ချိုးဖောက်ခြင်းအဖြစ်ပိုင်ဆိုင်မှုများကိုထိန်းသိမ်းခွင့် အခွင့်အရေးကိုဖိနှိပ်ထားပါသည်။ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြေယာသိမ်းဆည်းခြင်းကို ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေး အက်ဒ်ဥပဒေ(VPA)ကဲ့သို့သော ခွဲခြားဆက်ဆံသည့်ဥပဒေများမှတစ်ဆင့်နိုင်ငံတော်အဆင့်တွင် အဖွဲ့အစည်းဖွဲ့ပြုလုပ်ဆောင်လျက်ရှိပါသည်။VPA ပါကစ္စတန်၏နိုင်ငံတော်အာဏာပိုင်များအား လူပုဂ္ဂိုလ်များ၏ မြေယာနှင့် အဆောက်အဦးများအထူးသဖြင့် အရှေ့ပါကစ္စတန်မှအိန္ဒိယသို့ ရွှေ့ပြောင်းနေထိုင်သည့် သို့မဟုတ် အိန္ဒိယအား အထောက်အခံပေးသည်ဟုယူဆရသော ဟိန္ဒူဘာသာဝင်များအား မြေယာနှင့်အိမ်ယာပိုင်ဆိုင်မှုများကို သိမ်းဆည်းခွင့်ပြုသည့်၁၉၆၅ခုနှစ် ရန်သူပိုင်ဆိုင်မှုအက်ဒ်ဥပဒေကို ပြန်လည်အသက်သွင်းထားခြင်း ဖြစ်သည်။ [13]

[11]အာမက်၊ ဟီလယ်အူဒင်၊ "ဘင်္ဂလားဒေ့ရှ်မှ မြေယာသိမ်းယူခြင်း နိုင်ငံရေးစီးပွားရေး"၊ ငွေကြေးအိတ်စပရတ်၊ ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်။ https://thefinancialexpress.com.bd/views/the-political-economy-of-land-grabbing-in-bangladesh-1516809970.

[12] အက်န်ရှာပန်၊ "မြစ်ဝှမ်းဒေသ ဘင်္ဂလားဒေ့ရှ်မှမြေယာသိမ်းဆည်းမှုနှင့် ရှေးကျသောစုစည်းမှု၊ ခေတ်သစ်လစ်ဘရယ် ဂလိုဘယ်လိုင်ဇေးရှင်း၊ နိုင်ငံတော်လုပ်ဆောင်ချက်များ၊စွမ်းအားဆက်နွယ်မှုနှင့် လယ်သမားအရေးတော်ပုံကြားဆက်နွယ်မှု" တောင်သူလယ်သမားဂျာနယ်၊ အမှတ်စဉ် ၁ ၊ (၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်) ၈၇-၁၂၈။ https://doi.org/10.1080/03066150.2012.753058.

[13] အေကင်စ် ဟာ့ရစ်စန်၊ "ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးလွတ်လပ်ခွင့် စိန်ခေါ်မှုများ" ၂၀၂၀ခုနှစ်၊ ၅။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လွတ်လပ်ရေးရပြီးကလာ VPA ၏ ဖြစ်ပေါ်လာမှု သမိုင်းကြောင်း သည် “ဘင်္ဂလားဒေ့ရှ်ဟိန္ဒူလူမျိုးများ၏နိုင်ငံတော်သစ္စာခံမှုသည် အစဉ်သံသယထားရှိခြင်းကို ပြသလျက်ရှိပါသည်။”။[14] VPA အောက်မှ မြေယာသိမ်းဆည်းခြင်းသည် ခန့်မှန်းချေအားဖြင့် အိမ်ထောင်စု ၁.၅ မီလီယန်ကျော်သည် မြေယာပေါင်းကေသုံးသန်းခန့်ဆုံးရှုံးခဲ့ရပြီး ၈၇% သော သိမ်းဆည်းခံရသည့် မြေများသည် ဟိန္ဒူလူမျိုးများပိုင်ဆိုင်သည့် အိမ်ယာများသို့မဟုတ် ဘုရားကျောင်းများ ဖြစ်သည်ဟု ဖော်ပြထားပါသည်”။[15] လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုတာ ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရသည် ပြန်လည်ရုပ်သိမ်းပြင်ဆင်လုပ်ငန်းစဉ်ကိုပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေး(ပြန်လည်ရုပ်သိမ်းမှု)အက်ဒ်ဥပဒေကို၂၀၀၁ခုနှစ် နှင့် ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးပြန်လည်ရုပ်သိမ်းခြင်း (ပြင်ဆင်ချက်)ကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်းစတင်လုပ်ဆောင်လျက်ရှိသော်လည်း ပြန်လည်ရုပ်သိမ်းခြင်းလုပ်ငန်းစဉ်သည်လွန်စွာနှေးကွေးလျက်အဂတိလိုက်စားမှုများနှင့်ဆက်နွယ်လျက်ရှိသည်။[16]

ဘင်္ဂလားဒေ့ရှ်နိုင်ငံရာဇသတ်ကြီးဥပဒေသည်ဘာသာရေးဝတ်ပြုနေရာများဖျက်ဆီးခြင်း၊ ဝန်ဆောင်မှုများ အနှောက်အယှက်ပေးခြင်း၊ မြုပ်နှံသည့်နေရာများကို ကျူးကျော်ဝင်ရောက်ခြင်း အပါအဝင် ဘာသာရေးနှင့်ဆက်နွယ်သည့် ဖျက်ဆီးစော်ကားမှုကျူးလွန်ခြင်းများ blasphemy ကို အပြစ်ပေးထားပါသည်။ သို့သော်လည်း များစွာသောစာတမ်းများအနေဖြင့် လူနည်းစုအုပ်စုများ ဝတ်ပြုသည့်နေရာများကိုဖျက်ဆီးကျူးကျော်ထိခိုက်စေခြင်းတို့ကိုလူများစုအုပ်စုများမှ ပုံမှန်သဘော အတိုင်းပြုလုပ်လျက်ရှိသည်ဟုဆိုထားပါသည်။ရာဇသတ်ကြီးဥပဒေသည် ထိုချိုးဖောက်မှုများကို လုံလောက်သည့်အကာအကွယ်ပေးခြင်းမျိုးမရှိပါ။ ၂၀၁၈ ခုနှစ်တွင် ဥပဒေအသစ် ပြဋ္ဌာန်းမိတ်ဆက်ခဲ့ပြီးဘာသာရေးဖျက်ဆီးစော်ကားမှုကျူးလွန်ခြင်းများကိုအာမခံမရရှိနိုင်သည့် ကျူးလွန်မှုအဖြစ်အပြစ်ပေးပြီး ပြစ်ဒဏ်များကိုတိုး၍သတ်မှတ်ထားပါသည်။ ၂၀၁၈ခုနှစ် ဒစ်ဂျစ်တယ်

---

[14] ဖယ်လ်မန်း ရှယ်လီ၊ “ ခေတ်သစ် ဘင်္ဂလားဒေ့ရှ်မှ ဟိန္ဒူ၊ နိုင်ငံတော်၊ ဥပဒေနှင့် မြေယာဆက်နွယ်မှုများ” တောင်အာရှဘာသာပေါင်းစုံပညာရပ်ဆိုင်ရာ ဂျာနယ်၊ အမှတ် ၁၃ (၂၀၁၆ ခုနှစ် ဧပြီလ ၂၂) https://doi.org/10.4000/samaj.4111.

[15] ရာစ်မင်း တတ်စ်လီမာ၊ “ဘင်္ဂလားဒေ့ရှ်မှ ရန်သူပိုင်ဆိုင်မှုဥပဒေများ၊ ဥပဒေပြုခြင်းပုံစံအောက်မှ မြေယာသိမ်းဆည်းမှုများ” အောက်စဖို့တက္ကသိုလ် ကွန်မွန်ဝယ်လ်ဥပဒေဂျာနယ်၊အမှတ် ၁ ( ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်) ၁၂၁-၄၇။ . https://doi.org/10.1080/14729342.2015.1101226

[16] အေကင်စ် ဟာ့ရစ်စန်၊ “ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးလွတ်လပ်ခွင့် စိန်ခေါ်မှုများ” ၂၀၂၀ခုနှစ်၊ ၅။

လုံခြုံရေးအက်ဒ်ဥပဒေ (DSA) သည် လူမှုမီဒီယာများကဲ့သို့သော ဒစ်ဂျစ်တယ်ရပ်ဝန်းများတွင် "ဘာသာရေးဆိုင်ရာ စိတ်ထား၊ တန်ဖိုး တို့အား ထိခိုက်စေလိုသည့်ရည်ရွယ်ချက်ဖြင့် သို့မဟုတ် ဝက်ဘ်ဆိုက် သို့မဟုတ် အီလက်ထရောနစ်ပုံစံတစ်ခုခုဖြင့် ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်းများကိုရည်ရွယ်ချက်ရှိရှိ သိရှိထားလျက် ပြုလုပ်ခြင်း" ဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းကို အပြစ်ပေးထားပါသည်။[17]သို့သော်လည်း"လူများစုများ၏ဘာသာရေးသဘောထားယုံကြည်မှုများကို ထိခိုက်ခြင်း"ဟူ၍ဟိန္ဒူနှင့် ဘောင်းလ်စ်Bauls ကဲ့သို့သော ဘာသာရေးနှင့်ယဉ်ကျေးမှုလူနည်းစုများအတွက်သာ အဓိကထား သီးသန့်ကျင့်သုံးလျက်ရှိပါသည်။[18]

ဘာသာရေးအစွန်းရောက်မှုနှင့် ထိခိုက်စော်ကားမှုများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်တိုးပွားလာလျက်ရှိပြီး ဘာသာရေးကင်းပြီးမတူညီသည့်အတွေးအခေါ်များနှင့်ယုံကြည်မှုများကိုဖိနှိပ်ချုပ်ချယ်မှုရှိပါသည်။[19] Hefajat-e-Islam ဟီဖာဂျက်အီအစ္စလမ်ဟုခေါ်သည့် ဒေသတွင်းအစွန်းရောက်အစ္စလမ်မစ်များစုစည်းရေးအစုအဖွဲ့များသည် အစိုးရအား အာမဒစ်စ် Ahmaisများအား မွတ်ဆလင်ဝင်မဟုတ်သည့်ဘာသာအဖြစ် ကြေညာရန် ကြိမ်ဖန်တလဲလဲတောင်းဆိုထားပါသည်။၎င်းအဖွဲ့သည်အမျိုးသမီးအားဖြည့်ကူညီမှုမူဝါဒများအား ဆန့်ကျင်ထုတ်ဖော်ပြောဆိုပြီး နိုင်ငံတော်၏ ပညာရေး သင်ရိုးညွှန်းတမ်းကို အစ္စလမ်အသားပေးပြုလုပ်ရန်အားထုတ်ရာတွင် အောင်မြင်မှုရရှိထားပါသည်။ အသတ်သေစေနိုင်သည့် တိုက်ခိုက်မှုများကြောင့် ဘာသာရေးကင်းလွတ်ခြင်းဆိုင်ရာ ဘလော့ဂါများ၊ စာရေးဆရာများ၊ ဘုန်းတော်ကြီးများ၊ ဓမ္မဆရာများ၊ LGBT လိင်ဝိသေသကွဲပြားသူများဆိုင်ရာ အခွင့်အရေးလှုပ်ရှားသူများအား ၂၀၁၃ ခုနှစ်မှသတ်ဖြတ်ခြင်းများရှိလာပါသည်။ လူနည်းစုဘာသာရေးအုပ်စုများအား အမုန်းစကားပြန့်ပွားခြင်းနှင့် မှားယွင်းသည့်သတင်းများ သည် လူမှုမီဒီယာပေါ်တွင် လွန်ခဲ့သောနှစ်များအတွင်းတိုးပွားလာခဲ့ပါသည်။အစ္စလမ် ပြောရေးဆိုခွင့်ရှိသူများသည်ဘာသာရေးကင်းလွတ်သည့်အဖွဲ့များ

[17] နေ့စဉ်ကြယ်၊ "ဒစ်ဂျစ်တယ်လုံခြုံရေးအက်ဒ်ဥပဒေ၊ ဘောလ်ရီတာဒီဝန်များအား ဖန်းဝရမ်းထုတ်ခြင်း၊" ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂ ရက်။ https://www.thedailystar.net/country/news/digital-security-act-arrest-warrant-issued-against-baul-rita-dewan-2004665.

[18] ဘာသာရေးပြစ်မှုများကို အဆုံးသတ်ခြင်းဥပဒေ၊ "ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးဥပဒေများ၊" ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့ https://end-blasphemy-laws.org/countries/asia-central-southern-and-south-eastern/bangladesh/.

[19] ucanews.com. " ဘင်္ဂလားဒေ့ရှ်မှအာမဒစ်များကို "မွတ်ဆလင်မဟုတ်သည့်" သူများအဖြစ်သတ်မှတ်ရန် ဘုန်းတော်ကြီးများတောင်းဆိုခဲ့သည်။ - UCA သတင်း" ၂၀၂၁ ခုနှစ် မေလ ၂၁ ရက်. https://www.ucanews.com/news/cleric-demands-bangladesh-ahmadis-be-declared-non-muslim/85004.

နှင့်အခြားလူနည်းစုဘာသာရေးအဖွဲ့များကို အမုန်းပွားရေးစကားများပုံမှန်ဖြန့် လွှတ်လျက်ရှိပြီး နိုင်ငံတစ်ဝှမ်း Waz Mehfil ဝါးဇ်မာဖီလ် ဟုခေါ်သည့် ဟောပြောပွဲများလုပ်ဆောင်စဉ်တွင် "လူထုအုပ်စုများအတွင်းတင်းမာမှုများဖြစ်စေခဲ့ပါသည်။"။[20]ခရစ်ယာန်ချာ့ချ်ကျောင်းများ၊မစ်ရှင်များနှင့်ပရဟိတအဖွဲ့အစည်းများကို အခြားဘာသာပြောင်းလဲသွတ်သွင်းမှုပြုသည်ဟုအစဉ်သံသယ ဖြစ်ခံရပါသည်။ ခရစ်ယာန်သာရေးနာရေး ယုံကြည်မှု နှင့် အခြားလူ့အခွင့်အရေးများ NGO စာတမ်းများ အရ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲလာသူများသည် စော်ကားဖိနှိပ်ခံရခြင်း၊ လူထုအစုအဖွဲ့အတွင်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပက်သက်၍ ချိန်းခြောက်မှုခံရခြင်း နှင့် လူမှုသီးသန့်ဖယ်ရှားခံရခြင်းများကို ကြုံတွေ့နေရပါသည်။

လူနည်းစုအမျိုးသမီးများသည်အကြမ်းဖက်မှု၊ရက်စက်ကြမ်းကြုပ်မှုနှင့် ခွဲခြားဆက်ဆံမှုများ ခေါင်းစဉ်များထက်ကျော်လွန်၍ ခွဲခြားဆက်ဆံမှုများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရပါသည်။ ပုဂ္ဂိုလ်ရေး/မိသားစုဆိုင်ရာဥပဒေများ၏ ခွဲခြားဆက်ဆံမှုများနှင့်အတူ လူနည်းစုအမျိုးသမီးများ သည် လူမှုရေး၊စီးပွားရေးနှင့်နိုင်ငံရေးနယ်ပယ်များတွင် ကျင်ဖယ်ထားခြင်းကို ခံရပါသည်။ လူထုအစုအဖွဲ့များအကြားပဋိပက္ခဖြစ်ပွားခြင်းကိစ္စရပ်များတွင် ၎င်းတို့သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် ပက်သက်၍ အစဉ်ဦးတည်ခံစားရလျက်ရှိပါသည်။[21]

လွှတ်တော်နှင့် ဒေသတွင်းရွေးကောက်ပွဲကျင်းပချိန်များသည် ဘာသာရေးလူနည်းစုများအထူးသဖြင့်အမျိုးသမီးများ အတွက် အကာအကွယ်မဲ့သည့် ကာလများဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၀၁ လွှတ်တော်ရွေးကောက်ပွဲ မတိုင်ခင်နှင့် ထိုရွေးကောက်ပွဲအလွန်ကာလများတွင် မုဒိမ်းမှု၊ လုယက်မှု နှင့် မီးရှို့မှုပေါင်း ၃၂၇၀ ကို လူပေါင်း ၃၅၅ ဦးမှ ခံစားခဲ့ရပါသည်။[22]

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘာသာရေးလူနည်းစုများသည် အစိုးရအဖွဲ့အစည်းများဖြစ်သော ရဲတပ်ဖွဲ့၊ စစ်တပ် နှင့် အစိုးရ အုပ်ချုပ်ရေးကဏ္ဍများတွင် ကိုယ်စားပြုပါဝင်ခွင့်အတွက် အဟန့်အတားပေါင်း များစွာကို

---

[20] နေ့စဉ်လေ့လာသူ၊ "လူထုအစုအဖွဲ့အတွင်း တင်းမာမှုအတွက် အမည် ၁၅ ခု၊ ဝက်ဇ်-ပထမစာမျက်နှာ- Observerbd.Com" ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ရယူသည်။ https://www.observerbd.com/news.php?id=192164.

[21] အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးလှုပ်ရှားမှုအဖွဲ့၊ *ချိန်းခြောက်ခံရသော၊ ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးလူနည်းစုများ၏စိန်ခေါ်မှုများ*၊ စာတမ်း/ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးများ၊ ၂၀၁၆ ခုနှစ် (၄)၊ လန်ဒန်၊ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးအုပ်စု၊ ၂၀၁၆ ခုနှစ်

[22] အထက်ပါအတိုင်း

ကြုံတွေ့နေရပြီး ကြုံတွေ့သက်ရောက်မှုအဆင့်နှင့် ပက်သက်၍ခိုင်လုံသည့်အချက်အလက်များမရှိသေးပါ။[23]ခန့်မှန်းချက်တစ်ခုအရဘာသာရေးလူနည်းစုများသည် အစိုးရဝန်ထမ်းခန့်အပ်မှုများ၏ ၅% မှ ၁၀% အထိရှိပြီး ရဲတပ်ဖွဲ့ဝင်တွင် ၁၀ % သာရှိသည်ဟု ဆိုပါသည်။ လွှတ်တော်အတွင်းဘာသာရေးလူနည်းစုကုိယ်စားပြုမှုသည် လွန်ခဲ့သောနှစ်များအတွင်းတိုးပွားလာသည်ကို တွေ့ရပါသည် ( တိုက်ရိုက်မဲဆန္ဒနယ်များတွင် ၂၀၀၁ ခုနှစ်တွင် ၃ % မှ ၂၀၁၈ ခုနှစ်တွင် ၁၇%အထိ)။[24]ဘာသာရေးလူနည်းစုများသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အဆင့်မြင့်ပညာရေးကဏ္ဍတွင် အံ့အားသင့်ဖွယ်အချိုးကျပါဝင်မှုရှိကိုယ်စားပြုမှုအလွန်နည်းပါသည်ကို တွေ့ရပါသည်။ ဒါကာ တက္ကသုိလ်၏ ၂၀၁၆ ခုနှစ် အချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အကြီးဆုံးအစိုးရတက္ကသိုလ်များတွင် စုစုပေါင်း ကျောင်းသားဦးရေ ၅၀၇၁၃ ရှိရာမှ ၄.၉ % သည်သာလျှင်မွတ်ဆလင်မဟုတ်သောသူများ ဖြစ်သည်ကို တွေ့ရပါသည်။[25]

အရှေ့ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ချီတာဂွန်တောင်တန်း(CHT)ဒေသသည် နိုင်ငံအတွင်းဒေသရင်းလူမျိုးများဦးရေအများဆုံးရှိသည့် ဒေသဖြစ်ပြီး ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ နှင့် နတ်ကိုးကွယ်မှု များကိုတွေ့ရပါသည်။ထိုဒေသသည် ရှန်တီဘဟီနီ Shanti Bahini နှင့် ဘင်္ဂလားဒေ့ရှ်စစ်တပ် အကြားနှစ်ပေါင်း(၂၀)ရှည်ကြာသည့်လူထုမငြိမ်သက်မှုမှ ပြန်လည်နာလန်ထူစ ဒေသတစ်ခုလည်း ဖြစ်ပါ သည်။ အခိုင်အမာမြေယာသိမ်းဆည်းခြင်း၊အင်အားသုံးဘာသာပြောင်းလဲခံရခြင်း၊ မုဒိမ်းမှု၊ ပြန်ပေးဆွဲခံရခြင်း၊သတ်ဖြတ်ခံရခြင်း၊ဖယ်ရှားခံရခြင်းများသည်CHTဒေသတွင် ဒေသရင်းလူမျိုးများပုံမှန်ကြုံတွေ့ခံစားရသည့် ကိစ္စရပ်များဖြစ်သည်။ ကို့စ်ဘဇာ Cox's Bazar ဒေသတွင်း ရိုဟင်ဂျာများလူဦးရေတစ်သန်းခန့်ဝင်ရောက်လာခြင်းသည်စခန်းများဒေသအတွင်း ဘာသာရေးဆိုင်ရာလူဦးရေအချိုးအစားကို သက်ရောက်ပါသည်။

လူနည်းစုများကို ဖိနှိပ်ခြင်းသည် ကိုဗစ် COVID-19 ကပ်ရောဂါဖြစ်ပွားစဉ်ကာလအတွင်းတွင်လည်း ရပ်ဆိုင်းသွားခြင်းမရှိပါ။ ဘင်္ဂလားဒေ့ရှ် ဟိန္ဒူ ဗုဒ္ဓဘာသာ ခရစ်ယာန် ပေါင်းစည်းမှု ကောင်စီ

---

[23] အထက်ပါအတိုင်း

[24] "ရှစ်ဟဆီနာအစိုးရသည် လူနည်းစုအခွင့်အရေးမျာကို အကာအကွယ်ပေးရန် သတ်မှတ်ချက်များချမှတ်ထားသည်- စီးပွားရေးစံတော်ချိန်" ၂၀၂၁ ခုနှစ် မေလ ၁၂ ရက်နေ့။ https://economictimes.indiatimes.com/news/international/world-news/sheikh-hasina-government-sets-precedent-in-minority-rights-protection/articleshow/66825486.cms.

[25] အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးလှုပ်ရှားမှုအဖွဲ့၊ *ချိန်းခြောက်ခံရသော၊ ဘင်္ဂလားဒေ့ရှ်မှ ဘာသာရေးလူနည်းစုများ၏စိန်ခေါ်မှုများ*၊ စာတမ်း/ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးများ၊ ၂၀၁၆ ခုနှစ် (၄)၊ လန်ဒန်၊ အပြည်ပြည်ဆိုင်ရာလူနည်းစုအခွင့်အရေးအုပ်စု၊ ၂၀၁၆ ခုနှစ်

(BHBCUC)သည် ၂၀၂၀ခုနှစ်မတ်လနှင့် စက်တင်ဘာလများအကြားဘာသာရေးနှင့်လူမျိုးစုဆိုင်ရာ လူနည်းစု လူထုအဖွဲ့အစည်းများအကြား အသက်ဆုံးရှုံးမှု(၁၇)ဦး ရှိခဲ့သည် ဆိုပါသည်။[26]

ဘာသာရေးအုပ်စုများအကြား ဘာသာခြားယုံကြည်မှုအစုအဖွဲ့အများအကြားလက်တွဲဆောင်ရွက်ခြင်းနှင့်စည်းလုံးညီညွတ်စွာလုပ်ဆောင်ခြင်းဖြင့်တင်းမာမှုများနှင့်အကြမ်းဖက်မှုများကို တိုက်ဖျက်နိုင်ခဲ့သည့်သာဓကများလည်းရှိပါသည်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများမှ ရာမဒန်ဦးပုတ်လများတွင်ဆင်းရဲသား မွတ်ဆလင်များကိုအစ်ဖ်တာ ဦးပုတ်ထွက်ကာလအစားအစာများ လှူဒါန်းခြင်းပွဲတော်များကိုအစဉ်ပြုလုပ်လျက်ရှိပါသည်။[27] အစိုးရလမ်းညွှန်ချက်များဖြင့်နိုင်ငံတစ်ဝှမ်းမှ အင်မန်းများသည် ၂၀၁၉ခုနှစ် ဧပြီလတွင် သောကြာနေ့ဝတ်ပြုပွဲများအတွင်း အကြမ်းဖက်မှုနှင့်အစွန်းရောက်မှုများကို တိုက်ဖျက်ရေး တွဲဖက်ဝတ်ပြုခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

## မြန်မာ

မြန်မာနိုင်ငံသည် အဓိကဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံတစ်ခုဖြစ်ပြီး ၅၆.၆ သန်းသော လူဦးရေ၏ ၈၈% သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ခရစ်ယာန် ၆% ၊ မွတ်ဆလင် ၄% ခန့်မှန်းခြေရှိပါသည်။အခြားဘာသာများအဖြစ် ဟိန္ဒူ၊ ဂျူးနှင့်နတ်ကိုးကွယ်ခြင်းဆိုင်ရာ ဓလေ့ထုံးစံများ ပါဝင်ပါသည်။[28]အကျဉ်းချုပ် လေ့လာဆန်းစစ်ချက်များအရ မြန်မာနိုင်ငံတွင်လွတ်လပ်စွာဝတ်ပြုခွင့်ရှိသော်လည်းဘာသာရေးလွတ်လပ်ခွင့်မရှိပါ။ လူနည်းစုဘာသာရေးလူထု အစုအဖွဲ့များသည် ပုံနှိပ်ခြင်း၊ လူထုနှင့်ထိတွေ့စကားပြောခြင်း၊ အပြည်ပြည်ဆိုင်ရာမှ ဧည့်သည်များ ဖိတ်ကြားခြင်း နှင့် ဖြန့်ကျက်နိုင်ခြင်းဆိုင်ရာ ရေးရာကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရမှချမှတ်သည့် ကန့်သတ်ချက်များကိုခံရလျက်ရှိပါသည်။ အထူးသဖြင့် မွတ်ဆလင်လူမျိုးများအပေါ်ထားရှိသည့် လူမှုသဘော

---

[26] အမေရိကန်အစုိးရဌာန "မြန်မာ" ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရယူသည်။ https://www.state.gov/reports/2020-report-on-international-religious-freedom/burma/.

[27] ညှင်းပန်းနှိပ်စက်ခြင်း၊" မြန်မာစစ်တပ်အာဏာသိမ်းမှုသည် ပြင်းထန်သည့်ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်ခြင်းသမိုင်းကြောင်းကုိ ဆက်လက်လျှောက်လာသည်။" ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂။ https://www.persecution.org/2021/02/22/coup-myanmar-follows-severe-history-religious-freedom-violations/.

[28] အမေရိကန်အစုိးရဌာန "မြန်မာ" ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရယူသည်။ https://www.state.gov/reports/2020-report-on-international-religious-freedom/burma/.

ထားများတွင်နက်နဲသည့်ဘက်လိုက်မှုများရှိပြီး ခရစ်ယာန်၊ဟိန္ဒူ နှင့် အခြားလူထုအစုအဖွဲ့များ အပေါ်လည်း ထိုနည်းတူစွာရှိပါသည်။ ၄င်းတို့သည် ဘာသာရေး လူနည်းစုအုပ်စု အဖွဲ့ဝင်များအပေါ် ခွဲခြားဆက်ဆံခြင်းနှင့်အလွဲသုံးစားပြုထိခိုက်ခြင်းများကို ဖြစ်ပေါ်စေပါသည်။ အတန်သင့် ဖြန့်ကျက်ယုံကြည်လျက်ရှိသောသဘောထားတစ်ရပ်ကို "အနောက်ဘက်တံခါး" ဟု ခေါ်ကြပါသည်။ (ဗမာလူ့အဖွဲ့အစည်းနှင့် ဗုဒ္ဓဘာသာဝင်များသည် ဗမာပြည်အနောက်ဘက် တောင်တန်းများမှလာသည့် မွတ်ဆလင်များသည် ဗုဒ္ဓဘာသာများကို လွှမ်းမိုးသွတ်သွင်းရန်ရောက်လာသည်ဟု ထင်မြင်ချက် အတွေးအခေါ်ဖြစ်သည်)[29]။နိုင်ငံတော်အစိုးရနှင့် လူထုပါဝင်သက်ဆိုင်သူများသည် ထိုသဘောထား ထင်မြင်ချက် ဖြစ်ပေါ်လာစေရန် သွတ်သွင်းရာတွင်ပါဝင်ကြသည်။ နိုင်ငံတော်အစိုးရမှ ဖိနှိပ်မှု လုပ်ဆောင်ချက်များသည် နိုင်ငံတော်နယ်ပယ်အတွင်းရှိ လူမျိုးစုနှင့် ဘာသာရေးလူ့အဖွဲ့အစည်း များကိုသက်ရောက်လျက်ရှိပါသည်။လူများစုဗုဒ္ဓဘာသာလူထုအကြားတွင် (မှားယွင်း)ယူဆချက် တစ်ခုသည်မွတ်ဆလင်လူမျိုးများသည်လူဦးရေအဆမတန်တိုးပွားလားသည်ဟုထင်ကြသော် လည်း ထိုအချက်ကို အခိုင်အမာပြုရန် အချက်အလက်များမရှိပါ။ ၁၉၇၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများအရ မွတ်ဆလင်လူဦးရေသည် ၃.၉ % မှ ၄.၃ % အထိသာတိုးလာပြီး ၀.၄ % သာတိုးပွားလာသည်ကို တွေ့ရပါသည်။[30] ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ရိုဟင်ဂျာများကို ထည့်သွင်းရေတွက်ထားခြင်းမရှိသည်ကို မှတ်သားရန်အရေးကြီးပါသည်။ အစိုးရနှင့်NGO ခန့်မှန်းချက်များအရ၂၀၁၆ခုနှစ်မတိုင်မှီအထိ (၁.၁)သန်း ရိုဟင်ဂျာမွတ်ဆလင်များသည် မြန်မာနိုင်ငံတွင် နေထိုင်ကြပါသည်။[31] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းမှုကြောင့် မြန်မာနိုင်ငံရှိ"ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာချိုးဖောက်ခံရခြင်းသမိုင်း" ကို ပြန်လည်ရှင်သန် လာစေပြီး လက်ရှိဖြစ်ပေါ်သည့်တင်းမာမှုအခြေအနေများကို ပိုမိုဆိုးရွားလာစေပါသည်။[32]

---

[29] မြန်မာနိုင်ငံ ဘာသာရေးနှင့် ယုံကြည်မှုလွတ်လပ်ခွင့် (FoRB)၊ ကမ္ဘာ့ယုံကြည်မှုများဖွံ့ဖြိုးရေးစကားဝိုင်း၊ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ။

[30] ဖင့်ခ် ခရစ်စတီးနား၊ "မြန်မာ၊ ဘာသာရေးလူနည်းစုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မေးခွန်း" *အာရှရေးရာ ၄၉၊ အမှတ် ၂၊* (ဧပြီလ ၂၀၁၈): ၂၅၉- https://doi.org/10.1080/03068374.2018.1469860.

[31] အမေရိကန်အစိုးရဌာန "မြန်မာ" ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရယူသည်။ https://www.state.gov/reports/2020-report-on-international-religious-freedom/burma/.

[32] ညှင်းပန်းနှိပ်စက်ခြင်း၊" မြန်မာစစ်တပ်အာဏာသိမ်းမှုသည် ပြင်းထန်သည့်ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်ခြင်းသမိုင်းကြောင်းကို ဆက်လက်လျှောက်လာသည်။" ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂။ https://www.persecution.org/2021/02/22/coup-myanmar-follows-severe-history-religious-freedom-violations/.

မြန်မာနိုင်ငံတွင်ဘာသာရေးနှင့်လူမျိုးစုဝိသေသခွဲခြားသတ်မှတ်ချက်များသည်အချို့သောလူမှုအစုအဖွဲ့များကို ဘေးဖယ်ဖိနှိပ်သည့်အသွင်ဆောင်ပါသည်။နိုင်ငံသားဖြစ်ခွင့်နှင့်အစိုးရ ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများအခြားအစိုးရဝန်ဆောင်မှုများရရှိနိုင်ရေးသည် ထိုသတ်မှတ်ချက်များအပေါ်တွင်မူတည်ပါသည်။ ဗမာသို့မဟုတ်ဗမာလူမျိုးများသည် အများအားဖြင့်ဗုဒ္ဓဘာသာဖြစ်ကြပြီးလူများစုဖြစ်သည့်တိုင်းရင်းသားများသည် ပြည့်ဝသည့်နိုင်ငံသားဖြစ်ခွင့်နှင့် ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းနှင့်လူမှုရေးဆိုင်ရာအခွင့်အရေးများကိုရရှိကြပါသည်။ ရှမ်း၊မွန်နှင့်ရခိုင်ဗုဒ္ဓဘာသာဝင်များသည် နိုင်ငံသားဖြစ်ခွင့် အကျိုးကျေးဇူးများ ရရှိသော်လည်း လူမျိုးကြီးဗမာများမှခွဲခြားဆက်ဆံခြင်းကို ခံရပါသည်။ အစိုးရမှထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကဒ်ပြားများတွင် လူပုဂ္ဂိုလ်၏ ဘာသာရေးကိုးကွယ်ယုံကြည်မှုကို ထည့်သွင်းထားပြီး ဥပဒေစိုးမိုးရေးအရာရှိများနှင့် ဆက်ဆံရန် အစိုးရဝန်ဆောင်မှုများ ဝယ်ယူရရှိနိုင်ရန် နှင့် အလုပ်ခန့်အပ်ရာတွင် ထိုစိစစ်ရေးကဒ်ကို မရှိမဖြစ်ပြသရပါသည်။ ကချင်၊ ချင်း၊ နာဂ နှင့် ကရင်တိုင်းရင်းသားလူမျိုးအုပ်စုများသည်ခရစ်ယာန်ဘာသာကိုကျယ်ပြန့်စွာ ကိုးကွယ်ယုံကြည်ကြပြီး“ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ”၏အစိတ်အပိုင်းအဖြစ် ခွဲခြားသတ်မှတ်ထားပါသည်။[33]သို့သော်လည်းရိုဟင်ဂျာလူမျိုးများသည် ၁၉၈၀ ခုနှစ်ဝန်းကျင် နောက်ပိုင်းတွင် စတင်အသုံးပြုသည့် (၁၃၅)မျိုးသော ပြည်ထောင်စုတိုင်းရင်းသားများစာရင်းတွင်ပါဝင်ခြင်းမရှိဘဲ လက်ရှိဖြစ်ပွားလျက်ရှိသောနိုင်ငံသားအကျိုးခံစားခွင့်များကိုမရရှိနိုင်ခြင်း၏အခြေခံ ကြောင်းရင်း တစ်ခုဖြစ်ပါသည်။[34]

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အသိပညာအယူအဆလွတ်လပ်ခွင့်ကို ပံ့ပိုးပေးပြီး နိုင်ငံသားများအားငှင်းတို့ယုံကြည်ရာဘာသာရေးများကို ကြေညာခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းများကိုလွတ်လပ်စွာ ပြုလုပ်ခွင့်ပေးထားပါသည်။ သို့သော်လည်း ထိုပြဋ္ဌာန်းချက်သည် လူထုငြိမ်ဝတ်ပိပြားရေး၊ကျန်းမာရေး၊ ကိုယ်ကျင့်တရားစသည်တို့ကို ချိန်းခြောက်မှုမပြုဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခြားပြဋ္ဌာန်းချက်များဖြစ်သည့် လုံခြုံရေး၊ လူထုစည်းမျဉ်းအစုအပေါင်း၊လူမှုအဖွဲ့ အစည်းများတွင်

---

[33] နိုင်ငံတော်တိုင်းရင်းသားများဆိုရာတွင် ကိုလိုနီခေတ်မတိုင်ခင်ကတည်းကနေထိုင်ခဲ့သည့်သူများကို ဆိုလိုသည်။

[34] ရိုဟင်ဂျာများသည် ကိုလိုနီအုပ်ချုပ်ရေးခေတ်မှ ပြောင်းရွှေ့လာကြသည့် ဘင်္ဂါလီလူမျိုးများဟု သတ်မှတ်ထားကြသည်။ ပိုမိုလေ့လာနိုင်ရန် ဖင့်ခ်ခရစ်စတီးနား၊ “မြန်မာ၊ ဘာသာရေးလူနည်းစုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မေးခွန်း” *အာရှရေးရာ ၄၉၊ အမှတ် ၂။* (ဧပြီလ ၂၀၁၈): ၂၅၉- https://doi.org/10.1080/03068374.2018.1469860.

ငြိမ်းချမ်းရေးသို့မဟုတ် လူထုငြိမ်ဝတ်ပိပြားရေးကိစ္စရပ်များကို ချိန်းခြောက်ခြင်းမပြုရန်အခြေအနေများအပေါ်တွင် မူတည်ပါသည်။[35]ဥပဒေသည်ဘာသာရေးဂုဏ်သရေညှိုးနွယ်ခြင်း၊ဝတ်ပြုနေရာများတွင် မြုပ်နှံသည့်နေရာများကိုကျူးကျော်ဝင်ရောက်ခြင်း၊ဘာသာရေးအမည်ခံတစ်စုံတစ်ဦးကို စော်ကားထိခိုက်စေခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရစေခြင်းနှင့် ဘာသာရေးလှုံ့ဆော်မှုများ ဖြစ်ပေါ်စေခြင်းတို့မှ အကာအကွယ်ပေးထားပါသည်။ ဘာသာရေးတာဝန်ခံများ (ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဗုဒ္ဓဘာသာဝင်ဘုန်းကြီးများ၊ သီလရှင်များ အစရှိသဖြင့်)သည် မဲပေးခြင်းနှင့်အစိုးရရုံးများတွင် တာဝန်ယူခြင်းမှပိတ်ပင်ထားပါသည်။ဖွဲ့စည်းပုံအခြေခံဥပဒေသည်"နိုင်ငံရေးရည်ရွယ်ချက်များအတွက်ဘာသာရေးကိုအလွဲသုံးစားပြုမှုများ"ကိုလည်းကန့်သတ်ပိတ်ပင်ထားပါသည်။[36] မြန်မာနိုင်ငံသည် နိုင်ငံတော်တရားဝင်ဘာသာရေး အဖြစ် ထားရှိခြင်းမရှိသော်လည်းလူများစုကိုးကွယ်ရာ ဘာသာရေးအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဗုဒ္ဓဘာသာအား "အထူးအခြေအနေတစ်ရပ်"အဖြစ်သတ်မှတ်ထားပါသည်။ဘာသာရေးအဖွဲ့များအားလုံးကိုမှတ်ပုံတင်ခြင်းကို မဖြစ်မနေပြုလုပ်ရပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP) အစိုးရသည် ၂၀၁၅ခုနှစ်တွင် လူမျိုးနှင့်ဘာသာရေးဆိုင်ရာဥပဒေလေးမျိုးကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေများကို အမျိုးဘာသာသာသနာကာကွယ်ရေးအဖွဲ့အစည်းနှင့် သာသနာရေးဝန်ကြီးဌာနမှ ရေးဆွဲပြင်ဆင်ခဲ့ပြီး ဘာသာကူးပြောင်းခြင်းနှင့်ဘာသာခြားအချင်းချင်းလက်ထပ်ထိန်းများခြင်း၊ အိမ်ထောင်စုတစ်စုထပ် ပိုပြုခြင်းကို အပြစ်ပေးခြင်း၊"လူဦးရေထိန်းချုပ်မှုနည်းလမ်းများကိုအစိုးရသင့်တော်သည်ဟု သတ်မှတ်ထားသည့်နေရာများ"အတွက်ခွင့်ပြုခြင်းစသည်တို့ကိုစည်းမျဉ်းချမှတ်ထိန်းချုပ်ရန် အတွက်ပြုလုပ်ခဲ့ပါသည်။[37] ဥပဒေများသည်အခြားဘာသာများအားလုံးမှ ဘာသာဝင်များနှင့် သက်ဆိုင်သော်လည်းထိုဥပဒေများ၏ အဓိကရည်ရွယ်ချက်မှာ "အစ္စလမ်ဘာသာသို့ကူးပြောင်းခြင်း၊ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများနှင့်မွတ်ဆလင်အမျိုးသားများလက်ထပ်ခြင်းကိုကာကွယ်ရန်၊

---

[35] အမေရိကန်အစိုးရဌာန "မြန်မာ" ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရယူသည်။ https://www.state.gov/reports/2020-report-on-international-religious-freedom/burma/.

[36] အထက်ပါအတိုင်း

[37] ဖင့်ခ် ခရစ်စတီးနား၊ "မြန်မာ၊ ဘာသာရေးလူနည်းစုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မေးခွန်း" *အာရှရေးရာ ၄၉၊ အမှတ် ၂၊* (ဧပြီလ ၂၀၁၈): ၂၅၉- https://doi.org/10.1080/03068374.2018.1469860.

မွတ်ဆလင်အမျိုးသားများကို ဇနီးမယားတစ်ဦးထက်ပို ထားရှိခြင်းကို ကန့်ကွက်ရန် နှင့် မွတ်ဆလင်လူမျိုးများကိုမိသားစုဝင်များတိုးပွားလာခြင်းမှ ရပ်ဆိုင်းရန်" ဖြစ်သည်ဟု ဝေဖန်သူများ က ဆိုကြပါသည်။[38]

မြန်မာနိုင်ငံတွင်လူမျိုးစုနှင့်ဘာသာရေးစုံလင်ကွဲပြားမှုသည် နေ့စဉ်ဘဝကြုံတွေ့ရသည့်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မကြာသေးမီ့အချိန်အခါများမှ ဗုဒ္ဓဘာသာအစွန်းရောက်အမျိုးသားရေးသည် ပေါ်ထွန်းလာပြီးဗုဒ္ဓဘာသာနှင့်ဘာသာရေးလူနည်းစုများအကြားတင်းမာမှုများ ဖြစ်ပေါ်စေခဲ့ပါ သည်။ တိုးပွားလာသည့် ဗုဒ္ဓဘာသာဝင်များသည် အစိုးရအား "(ဗုဒ္ဓဘာသာ) သာသနာအား ကာကွယ်ရေးနှင့် ပြန့်ပွားရေးကို ချိန်းခြောက်သည့်ဟု ယူဆရသည့် ကိစ္စရပ်များကုိ တု့ံပြန်တားမြစ်ဟန့်တားနိုင်ရန်အစုိးရတာဝန်များ"ဟုထင်မြင်ယူဆမျှော်လင့်ကြပါသည်။[39]အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဘမသ အဖွဲ့ဟု မြန်မာဘာသာအရ အများသိရှိထားသည့်အတိုင်း) သည် ဗုဒ္ဓဘာသာအစွန်းရောက်အမျိုးသားဝါဒကုိနိုင်ငံတစ်ဝှမ်းတွင်"ရေ့ွးချယ်ထားသည့် ေခါင်းဆောင်များနှင့်ဘုန်းကြီးခေါင်းဆောင်များကိုယ်ပိုင်အုပ်စုများစွာပါဝင်သည်ကွန်ယက်"မှတစ်ဆင့် အရှိန် အဟုန်မြှင့်တင်လုပ်ဆောင်လျက်ရှိပါသည်။[40] မဘသ အဖွဲ့သည် လူမျိုးကြီးသတင်းစကားများကို အွန်လိုင်းနှင့် ပြင်ပမီဒီယာများကိုအသုံးပြု၍ ဖြန့်လွှင့်ခဲ့ပြီးအစ္စလမ်ဘာသာရွံ့မုန်းရေးကို ကြီးထွားစေခဲ့ပြီးမွတ်ဆလင်များမှ မြန်မာနိုင်ငံကို သိမ်းပိုက်မည်ဟူသည့် အကေြာက်တရားကို သွတ်သွင်းခဲ့ပါသည်။[41]

ဘာသာရေးလူနည်းစုများနှင့်မွတ်ဆလင်ဆန့်ကျင်ရေးအတွေးအခေါ်သည် မြန်မာနိုင်ငံရှိ ပြည်နယ်များတွင် ပြန့်နှံ့လျက်ရှိပါသည်။ ၉၆၉ လှုပ်ရှားမှုဖြင့် ထိုမျှတစ်နိုင်ငံလုံးမပျံ့နှံ့မှီ မွတ်ဆလင်ပိုင်သည့်

---

[38] အထက်ပါအတိုင်း

[39] ပေးဝက် ဆူဇန် "မြန်မာနိုင်ငံ'ဗုဒ္ဓဘာသာဒီမုိကရေစီ' ၏ ခါးသွားနှစ်ဖက်." *ဘာသာရေးနှင့်အပြည်ပြည်ဆိုင်ရာရေးရာ သုံးသပ်ဂျာနယ်* ၁၃၊ အမှတ် ၄. (၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂ ရက်) ၂၅-၃၅၊ https://doi.org/10.1080/15570274.2015.1104967

[40] ဖင့်ခ် ခရစ်စတီးနား၊ "မြန်မာ၊ ဘာသာရေးလူနည်းစုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မေးခွန်း" *အာရှရေးရာ ၄၉၊ အမှတ် ၂*။ (ဧပြီလ ၂၀၁၈): ၂၅၉-၇၇ https://doi.org/10.1080/03068374.2018.1469860.

[41] အထက်ပါအတိုင်း

စီးပွားရေးလုပ်ငန်းများကို မွန်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်မှ ပိတ်ဆို့သပိတ်မှောက်ခဲ့ကြပါသည်။[42] ကချင်နှင့်ချင်းပြည်နယ်များတွင်ဘာသာရေးအခေြခံအဆောက်အဦးများကိုခရစ်ယာန်ဘာသာဝင်များအများစုရှိသည့်နေရာများတွင်တည်ဆောက်ထားကြသည်။ချင်းနှင့်ကရင်ပြည်နယ်မှ ခရစ်ယာဥ်များသည် အိမ်ယာနှင့်ဝတ်ပြုစုတောင်းသည့်နေရာများဖျက်စီးခံရခြင်း၊ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်း၊"စစ်တပ်ထောက်ခံသည်ဗုဒ္ဓဘာသာအမျိုးသာရေးဝါဒလွှမ်းမိုးသူများမှ"ဖယ်ရှား ခြင်းခံရခြင်းတုိ့ကို ကြုံတွေ့နေရပါသည်။[43] မြန်မာနိုင်ငံတွင်ခရစ်ယာန်များသည်ဘုရားကျောင်း အသစ်ဆောက်လုပ်ရန် မြေနရာရှာဖွေရာတွင် အလွန်အမင်းအခက်အခဲကြုံတွေ့ရပါသည်။ရခိုင် ပြည်နယ်မှမွတ်ဆလင်နှင့်ဟိန္ဒူဘာသာဝင်ရိုဟင်ဂျာများသည် ရွေ့လျားသွားလာခွင့်ကိုများစွာ ကန့်သတ်ခံရခြင်းကို ခံစားရလျက်ရှိပါသည်။ထိုကဲ့သုိ့သော အလားတူ ကန့်သတ်ချက်များကို ရခိုင်ပြည်နယ်တွင်သာမက နေရာပေါင်းစုံမှမွတ်ဆလင်များသည် ကြုံတွေ့ရလျက်ရှိပြီး လူဝင်မှု ကြီးကြပ်ရေးဖောင်များကိုတင်သွင်းရလေ့ရှိပါသည်။[44] ကျေးရွာများနှင့် ဆေးရုံများတွင် "မွတ်ဆလင်ကင်းမဲ့ဇုံ"ဟူ၍ဆိုင်းဘုဒ်များပိုစတာများတပ်ဆင်ထားသည်ကုိ တွေ့ရသည့် သာဓက များလည်း ရှိပါသည်။[45]

မြန်မာနိုင်ငံရှိ လူနည်းစုအုပ်စုများအပေါ်အကြမ်းဖက်ခြင်း တွန်းအားပေးမှုများကို ဒစ်ဂျစ်တယ်နှင့် ဒစ်ဂျစ်တယ်ပြင်ပရပ်ဝန်းများတွင် ဖြစ်ပွားလေ့ရှိပါသည်။ ကောလဟာလများ၊ သတင်းအမှားများနှင့်လုပ်ကြံသတင်းအမှားများသည် လူနည်းစုအုပ်စုများအတွက် အသက်ဆုံးရှုံးနိုင်သည့်လက်နက်များဖြစ်ကြသည်။ ၂၀၁၂ ခုနှစ် လူထုအစုအဖွဲ့အတွင်း အကြမ်းဖက်မှုတွင် လူပေါင်း ၁၆၀ သေဆုံးခဲ့ပြီး မွတ်ဆလင်အမျိုးသားမှ ဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်သည်ဟူသည့် ကောလဟာလဖြင့် အစပြုခဲ့သည့်

---

[42] လေ့လာသူများ၊ ပြင်သစ် ၂၄၊ " '၉၆၉'၊ ဗမာနိုင်ငံတွင်းမှ မွတ်ဆလင်များကို ချိန်းခြောက်လျက်ရှိသည့် ဂဏန်းသုံးလုံး" မေလ ၃ ရက် ၂၀၁၃။. https://observers.france24.com/en/20130503-%E2%80%98969%E2%80%99-digits-terrifying-muslims-burma.

[43] အမေရိကန်အစုိးရဌာန "မြန်မာ" ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရယူသည်။ https://www.state.gov/reports/2020-report-on-international-religious-freedom/burma/.

[44] အထက်ပါအတိုင်း

[45] ဖင့်ခ် ခရစ်စတီးနား၊ "မြန်မာ၊ ဘာသာရေးလူနည်းစုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မေးခွန်း" *အာရှရေးရာ ၄၉၊ အမှတ် ၂၊* (ဧပြီလ ၂၀၁၈): ၂၅၉- https://doi.org/10.1080/03068374.2018.1469860.

ကိစ္စရပ်တွင် ရိုဟင်ဂျာပေါင်း ၁၀၀ ၀၀၀ သည် အိုးအိမ်စွန့်ခွာခြင်းပြုခဲ့ပါသည်။ စာတမ်းများအနေဖြင့် ၂၀၁၂ ခုနှစ် အသတ်များဆုံးရှုံးခဲ့ရသည့်အကြမ်းဖက်မှုသည် ၂၀၁၃ ခုနှစ်တွင် အာရေကန် ရိုဟင်ဂျာကယ်ဆယ်ရေးတပ်မတော် (ARSA) ထူထောင်ခြင်းကို ဖြစ်ပေါ်စေခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လများတွင် မြန်မာ့နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ပါသည်။[46] ထိုအကျိုးဆက်အားဖြင့် မြန်မာ့လုံခြုံရေးတပ်ဖွဲ့များ နှင့် ဗုဒ္ဓဘာသာဝင် စစ်တပ်မှ ရိုဟင်ဂျာအမျိုးသား၊ အမျိုးသမီး နှင့် ကလေးသူငယ်ပေါင်း ၆၇၀၀ ကို သတ်ဖြတ်ခဲ့ပြီး အရပ်သားများကို ပြင်းထန်သည့် တိုက်ခိုက်နှိမ်နှင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ကျေးရွာပေါင်း ရာပေါင်းများစွာကို မီးရှို့ဖျက်ဆီးခံရပြီး ရိုဟင်ဂျာတစ်သန်းခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ေြပြောင်းရွှေ့ခိုလှုံခဲ့ကြသည်။

ပညာရေးသည် ဘာသာရေးခွဲခြားဆက်ဆံမှု သိသာထင်ရှားသည့် အရေးပါသည့် ကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံသည် ဘာသာရေးသင်ကြားမှုများကုိ ဘာသာတစ်ခုအဖြစ် အစိုးရကျောင်းများတွင် သင်ကြားခြင်းမရှိပါ။ သို့သော်လည်း ရိုးရာဘုန်းတော်ကြီးကျောင်းများတွင် များစွာသော ကျောင်းတွင်ဘာသာရေးရွတ်ဆိုမှုများကိုသင်ကြားလေ့ရှိပါသည်။များစွာသော အစိုးရကျောင်းများမှ ကျောင်းသားကျောင်းသူများသည်ဗုဒ္ဓဘာသာဝတ်ပြုခြင်းကိုရွတ်ဆိုရပါသည်။ ဗုဒ္ဓဘာသာဆိုင်ရာ ေစတီဘုရားပုံတော်များနှင့်ဂါထာများကိုများစွာသောအစုိးရကျောင်းများတွင်ချိတ်ဆွဲထား ပါသည်။ အချို့သောစာတမ်းများအရ "နိုင်ငံတော်ပံ့ပိုးထားသည့်ဘာသာရေးနှင့် ယာဉ်ကျေးမှု သွတ်သွင်းခြင်း အစီအစဉ်များ"ကုိဥပမာအားဖြင့်ချင်းပြည်နယ်တွင်နတလကေျာင်းများတွင်ဥပမာအဖြစ် တွေ့ရ ပါသည်။ထိုကျောင်းများတွင် ကျောင်းတက်ရောက်နိုင်ရန် ခရစ်ယာန်ကျောင်းသား ကျောင်းသူ များကိုဗုဒ္ဓဘာသာအဖြစ်ပေြောင်းလဲေစပါသည်။[47]နိုင်ငံတော် သင်ရိုးညွှန်းတမ်း ကျောင်းသင်ခန်းစာ စာအုပ်များတွင်ဘာသာရေးနှင့်လူမျိုးစု လူနည်းစုအုပ်စုများကိုဂုဏ်သရေရှုမ်းေစသည့် ဖော်ပြချက် မျိုးစုံပါဝင်သည်။အများအားဖြင့် ကျောင်းများသည် ကလေးများအား ကျောင်းအပ်နှံရန် နိုင်ငံသား

[46] "မြန်မာနုိင်ငံ၊ အာရေကန်ရိုဟင်ဂျာကာကွယ်ရေးတပ်မတော်က ဘယ်သူတွေလဲ" *BBC သတင်း*, ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၅ ရက်၊, အာရှ။ https://www.bbc.com/news/world-asia-41160679.

[47] အထက်ပါအတိုင်း

သက်သေလိုအပ်ပြီးအသိအမှတ်မပြုသည့်
တိုင်းရင်းသားလူနည်းစုကိုခွဲခြားဖိနှိပ်ထားပါသည်။ရိုဟင်ဂျာလူမျိုးများအား ရွှေ့လျားသွားလာနိုင်ခွင့်ကိုကန့်သတ်ချက်များကြောင့်၄င်းတို့အားအဆင့်မြင့်ပညာရေးတက္ကသိုလ်များကို တက်ရောက်နိုင်ခြင်းမရှိပါ။ ၂၀၁၈-၂၀၁၉ ခုနှစ်ပညာသင်နှစ်မှစ၍ ရခိုင်ပြည်နယ်အစိုးရနှင့် အချို့သောပရဟိတအဖွဲ့များသည် ရိုဟင်ဂျာလူငယ်များကို အဝေးသင်သင်ကြားရေးစနစ်ဖြင့် တက္ကသိုလ်များတက်ရောက်နိုင်ရန်ပညာသင်ဆုများပေးအပ်လျက်ရှိသည်။ခွဲခြားဆက်ဆံမှုများ ကြောင့်အစိုးရဝန်ဆောင်မှုနှင့်နိုင်ငံရေးနယ်ပယ်များတွင်ပါဝင်လက်တွဲလုပ်ဆောင်နိုင်မှုကို သက်ရောက်ပါသည်။၁၉၆၀ခုနှစ်ဝန်းကျင်ကာလများမှစ၍မွတ်ဆလင်လူမျိုးများသည် မြန်မာ့စစ်တပ်ဖွဲ့ဝင်များကို ဝင်ရန်လုံးဝမဖြစ်နိုင်တော့သည့် အခြေအနေနီးပါးရောက်ရှိလာပြီး တိုင်းရင်းသား လူနည်းစုအုပ်စုများမှခရစ်ယာန်ဘာသာဝင်များကိုခန့်အပ်ထားခြင်းအရေအတွက်လည်း ကျဆင်းလာပါသည်။လက်ရှိတွင်ဗုဒ္ဓဘာသာဝင်များသည်စစ်တပ်နှင့်အရပ်သားဝန်ထမ်းနေရာ အားလုံးနီးပါးတွင် နေရာယူလျက်ရှိပါသည်။ အလုပ်အကိုင် လျှောက်ထားရာတွင်လည်း လျှောက်ထားသူတစ်ဦးချင်းဆီ၏ ဘာသာရေး အချက်အလက်တောင်းဆိုပြီး လူနည်းစုအုပ်စုမှ လျှောက်ထားသူများကို ဖယ်ကျဉ်သည့် တင်းကျပ်စွာ စစ်ဆေးမှုများကို ပြုလုပ်လျက်ရှိပါသည်။ ဗုဒ္ဓဘာသာဝင်များသည်လွှတ်တော်အတွင်းတွင် အခြားဘာသာရေးအုပ်စုများထက် အရေအတွက် များပြားစွာရှိနေသည်ကို တွေ့ရပါသည်။ ရိုဟင်ဂျာများ အနေဖြင့် မဲပေးခြင်း နှင့် ရွေးကောက်ခံခြင်းများ ပြုလုပ်နိုင်ခြင်းမရှိပါ။

ဘာသာရေးလူနည်းစု အုပ်စုများအပေါ် လူထုအစုအဖွဲ့အတွင်း မတူကွဲပြားခြားနားချက်များနှင့် ခွဲခြားဆက်ဆံမှုများသည် COVID-19 ကိုဗစ်ကပ်ရောဂါကာလအတွင်း အစိုးရ၏တသမတ်တည်းချမှတ်နိုင်ခြင်းမရှိသည့် စည်းမျဉ်းစည်းကမ်းများ နှင့် ၄င်းတို့၏ ဘက်လိုက်သည့် အကောင်အထည်ဖော်မှုများကြောင့် ပိုမိုဆိုးရွားလျက်ရှိပါသည်။ လူနည်းစုများသည် COVID-19 ကိုဗစ်စည်းမျဉ်းများ ချိုးဖောက်ခြင်းအတွက် ပိုမိုပြင်းထန်သော အကျိုးဆက်များ ခံစားရလျက်ရှိပါသည်။ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့်ရိုဟင်ဂျာလူမျိုးများကိုလူအဖွဲ့အစည်းမှ ဖယ်ကျဉ်ခြင်း နှင့် ရောဂါသယ်ဆောင်သူများအဖြစ် မြင်ကြပါသည်။[48]

[48] အမေရိကန်အစိုးရဌာန၊ "မြန်မာ" ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်နေ့တွင်ရယူသည်။ . https://www.state.gov/reports/2020-report-on-international-religious-freedom/burma/.

## သီရိလင်္ကာနိုင်ငံ

သီရိလင်္ကာနိုင်ငံသည် ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး အခြားမတူညီသည့် ဘာသာရေးများကို ယုံကြည်ကိုးကွယ်သည့် လူနည်းစုအစုအဖွဲ့များသည်လည်း သိသာသည့် အရေအတွက် ရှိကြပြီး ထိုဘာသာရေးကွဲပြားတည်ရှိမှုသည် သီရိလင်္ကာနိုင်ငံ၏ သမိုင်းကြောင်းနှင့် လက်ရှိဖြစ်ပွားလျက်ရှိသည့်တင်းမာမှုများနှင့်အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသည့် နောက်ခံ ဖြစ်သည်။လူဦးရေတွင် ဗုဒ္ဓဘာသာဝင် ၇၀.၂ %၊ ဟိန္ဒူဘာသာဝင် ၁၂.၆ %၊ မွတ်ဆလင် ၉.၇ % နှင့် ခရစ်ယာန်ဘာသာဝင် ၇.၄% ထိခန့်မှန်းချေနေထိုင်ကြပါသည်။ လူမျိုးရေးနှင့် ဘာသာရေးသည် များစွာဆက်နွယ်လျက်ရှိပြီးဆင်ဟာလီလူမျိုးအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး တမီးလ် လူမျိုးအများစုမှ ဟိန္ဒူဘာသာဝင်များဖြစ်ကာ မွတ်ဆလင်အများစုသည် ၎င်းတို့ကိုယ်တိုင် သီးခြားလူမျိုးစုအုပ်စုအဖြစ် သတ်မှတ်ကြပါသည်။[49]

ဘာသာရေးလူထုအဖွဲ့အစည်းများ၏ အခြေအနေနှင့် ဗုဒ္ဓဘာသာ၏ အရေးကြီးမှုကို ဥပဒေများနှင့် လက်တွေ့ရေးရာများမှ ဖော်ညွှန်းလျက်ရှိသည်။ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာရေး မဟုတ်သော်လည်း အစိုးရအားဗုဒ္ဓဘာသာကို အကာအကွယ်ပေးရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် မျှော်လင့်ထားကြပါသည်။ သီရိလင်္ကာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတိုင်း၏ ဘာသာရေးလွတ်လပ်ခွင့်ကိုအကာအကွယ်ပေးထားပြီး ဗုဒ္ဓဘာသာကို "အထွတ်အမြတ်ထား အရေးကြီးဆုံးသောဘာသာ" အဖြစ် သတ်မှတ်ကြပါသည်။ ၂၀၀၃ ခုနှစ် နိုင်ငံတော်တရားရုံးချုပ် စည်းမျဉ်းများတွင် သိသာထင်ရှားသည့် အချက် ၂ ချက်မှာ ဗုဒ္ဓဘာသာမှ လွဲ၍အခြားဘာသာများကို နိုင်ငံတော်မှအကာအကွယ်ပေးထားမှုမရှိခြင်း၊ ဘာသာကူးပြောင်းခြင်ကိစ္စရပ်များကို ဖွဲ့စည်းပုံ

---

[49] ဘာသာရေးဦးရေအချိုးအစားနှင့် ၎င်းတို့၏ ပထဝီဝင်ပျံ့နှံ့မှုကို ပြည့်စုံသည့်ဆွေးနွေးချက်များရယူရန်၊ အမေရိကန်ပြည်ထောင်စုအစိုးရဌာန၊ "သီရိလင်္ကာနိုင်ငံ"၊ မေလ ၂၀၂၁ ခုနှစ်တွင် ရယူသည်။ https://www.state.gov/reports/country-reports-on-terrorism-2019/sri-lanka/.

အခြေခံဥပဒေမှ အကာအကွယ်ပေးထားခြင်းမရှိပါ။[50] ၂၀၁၇ ခုနှစ် နိုင်ငံတော် တရားရုံးချုပ်မှ လူတစ်ဦးတစ်ယောက်၏ ယုံကြည်ရာဘာသာရေးကို ဖြန့်ပွားခွင့်အား အကာအကွယ် မပေးထားပါ။ သီရိလင်္ကာနိုင်ငံတွင် အဓိကနိုင်ငံတော်အသိအမှတ်ပြု ဘာသာကြီးလေးမျိုးဖြစ်သည့် ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလမ်နှင့် ခရစ်ယာန်ဘာသာများ၏ ဗဟိုဘာသာရေးအဖွဲ့များကို မှတ်ပုံခြင်းပြုလုပ်ရန် မလိုအပ်ပါ။ သို့သော်လည်း ဘာသာရေး အစုအဖွဲ့အသစ်များသည် ၄င်းတို့၏ ဝတ်ပြုရန်နေရာများ တည်ဆောက်ခြင်း၊ ဘာသာရေးကျောင်းများ ဖွင့်လှစ်ခြင်း၊ ဘာသာရေးလုပ်သားများကို ထောက်ပံ့ခြင်း နှင့် ၄င်းတို့လုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရအထောက်အပံ့များ မလက်ခံမီ မှတ်ပုံတင်ခြင်းကိုလုပ်ဆောင်ရပါသည်။ ဝန်ကြီးချုပ်သည် အဓိက အသိအမှတ်ပြု ဘာသာကြီးများ တစ်မျိုးစီမှအစိုးရအဖွဲ့နှင့် မသက်ဆိုင်သည့်ဌာနများရှိသည့် သာသနာရေးဝန်ကြီးဌာနကို ကြီးကြပ်ပါသည်။ နိုင်ငံတော်သင်ရိုးညွှန်းတန်းတွင် အစိုးရကျောင်းနှင့် ပုဂ္ဂလိကကျောင်းများတွင် မူလတန်းနှင့်အလယ်တန်းများတွင်အဓိကဘာသာကြီးများမဖြစ်မနေသင်ကြားရပါသည်။ ကျောင်းသားကျောင်းသူများအနေဖြင့် ၄င်းတို့အိမ်ထောင်စုကိုးကွယ်သည့် ဘာသာကို ယေဘုယျ အားဖြင့် ရွေးချယ်လေ့လာသင်ယူကြပါသည်။

သီရိလင်္ကာနိုင်ငံ၏ ဆယ်စုနှစ်ပေါင်းများစွာကြာသည့် ပြည်တွင်းစစ်ပွဲ၏ အကျိုးဆက်များကို ဘာသာရေးနှင့် မျိုးနွယ်စုလူမျိုးစုအုပ်စုများ၏ နေ့စဉ်ဘဝများတွင်သိသာထင်ရှားစွာ မြင်နိုင် ပါသည်။ နိုင်ငံ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းတွင် တမီးလ်နှင့် မွတ်ဆလင်လူမျိုးများသည် အိုးအိမ်စွန့်ခွာခြင်းများခံရပြီး ခက်ခဲကြမ်းတမ်းသည့် အခြေအနေများတွင် ဒုက္ခသည်စခန်းများ (IDP) တွင် နေထိုင်ရပါသည်။ စာတမ်းများအရ တမီးလ်နှင့် မွတ်ဆလင်လူမျိုးများသည် “စီးပွားရေးဆိုင်ရာဖိနှိပ်ခံရခြင်းနှင့် စစ်တပ်ထားရှိခြင်း [...] တို့ကိုခံရပြီး လုံလောက်သည့် အိမ်ယာများပံ့ပိုးထားခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာ စံနှုန်းများ ချိုးဖောက်ခံရခြင်း အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကန့်သတ်ခံရခြင်း” တို့ကို ကြုံတွေ့နေရပါသည်။[51] ၂၀၀၉ခုနှစ် ပြည်တွင်း စစ်တရားဝင် ပြီးဆုံးပြီး ၁၂ နှစ် ကြာကာလထိတိုင် သီရိလင်္ကာစစ်တပ်သည် တမီးလ်လူမျိုးများ

---

[50] အထက်ပါအတိုင်း

[51] လူနည်းစုအခွင့်အရေးအုပ်စု၊ “သီရိလင်္ကာနိုင်ငံ၊ လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများကမ္ဘာ့လမ်းညွှန်” ၂၀၂၁ ခုနှစ် မေလ ၁၅ ရက်တွင် ရယူသည်။ https://minorityrights.org/country/sri-lanka/.

နေထိုင်သည့်နေရာများကို“လုံခြုံရေးတင်းကျပ်မှု မြင့်မားစွာချမှတ်စသည့်ဇုန်များ” အဖြစ် သတ်မှတ် ၍ နေရာယူထားကြပါသည်။[52] ၁၉၇၉ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေး အက်ဒ်ဥပဒေသည် ရဲတပ်ဖွဲ့ဝင်များကိုရှာဖွေရေး၊ ဖမ်းဆီးရေးနှင့် ချုပ်နှောင်ရေးစသည်တို့ကို ပြုလုပ်ရန် အင်အား ကျယ်ပြန့်စွာ ပေးအပ်ထားပါသည်။ ထိုအင်အားများကို တမီးလ်နှင့် မွတ်ဆလင်များအပေါ်တွင် ပိုမိုများပြားစွား အသုံးပြုဖိနိုပ်ကြပါသည်။[53] လေ့လာချက်များအရ အစိုးရအထောက်အပံ့ပေးသည့် “ဆင်ဟာလီ တိုးပွားရေး” လုပ်ငန်းစဉ်သည် ဆင်ဟာလီလမ်းဆုိင်းဘုဒ်များ၊ လမ်းနှင့် ကျေးရွာအမည်များ၊အဆောက်အဦးများ နှင့် ဗုဒ္ဓဘာသာဝတ်ပြုနေရာများကို တိုးမြှင့်တပ်ဆင် လာခြင်းစသည့် ရည်ရွယ်ချက်ရှိရှိကြိုးပမ်းမှုများဖြင့် တမီးလ်ယာဥ်ကျေးမှုကုိ နေရာယူ လွှမ်းမိုးလာပါသည်။[54] အပြည်ပြည်ဆိုင်ရာ နှင့် နိုင်ငံအတွင်းလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ စာတမ်းများမှ ဒေသတွင်တမီးလ်လူမျိုးများအားမုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ ကို ကြိမ်ဖန်များစွာကြုံတွေ့ရကေြာင်း ဖော်ပြထားပါသည်။[55]

ယနေ့ခေတ်စိုးရိမ်ဖွယ်ရာများမှာ ဗုဒ္ဓဘာသာဘုန်းကြီးများအပါအဝင် အန္တရာယ်ကြီးသည့် အမျိုးသားရေးဝါဒီ အုပ်စုအမျိုးမျုိးမှ ခွဲခြားဆက်ဆံရေး၊ အမုန်းတရားများနှင့် အကြမ်းဖက်မှုများကို ပိုမိုဆိုးရွားလာစေခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီသည် သီရိလင်္ကာနိုင်ငံတွင် နိုင်ငံရေးအသုံးချမှု၏ အရင်းအမြစ်တစ်ခုအြဖစ် ကာလကြာရှည်စွာ ရပ်တည်လျက်ရှိသည်။ နုိင်ငံတော်၏ ယဉ်ကျေးမှုပေါင်းစုံကွဲပြားမှုရှိသော်လည်း ဆင်ဟာလီဗုဒ္ဓဘာသာများအတွက် နိုင်ငံတစ်နုိင်ငံဖြစ်သည်။ တမီးလ်၊ မွတ်ဆလင် နှင့် ခရစ်ယာန်ဘာသာများသည် အချိန်ကာလမျိုးစုံတွင် နည်းလမ်းမျိုးစုံဖြင့် ခွဲခြားမှုကို ခံစားရလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံမှ မွတ်ဆလင်လူမျိုးစုများအား ခွဲခြားဆက်ဆံခြင်းသည် လူပေါင်း ၂၆၈ ဦးကို ေသစေခဲ့သည့် အီစတာဗုံးပေါက်ကွဲမှု (မွတ်ဆလင်အုပ်စုများ လုပ်ဆောင်သော) ဖြစ်ပွားပြီးနောက် ပိုမိုထင်ရှား ကြီးထွားလာပါသည်။

---

[52] ဟားဗတ်အပြည်ပြည်ဆိုင်ရာ သုံးသပ်ချက်၊ “သီရိလင်္ကာနိုင်ငံပြည်တွင်းစစ်နှင့် ၄င်း၏ သမိုင်း၊ ၂၀၂၀ ခုနှစ် ပြန်လည်သုံးသပ်ချက်” ၂၀၂၀ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ရယူသည်။https://hir.harvard.edu/sri-lankan-civil-war/

[53] အမေရိကန်ပြည်ထောင်စုအစိုးရဌာန၊ “သီရိလင်္ကာနိုင်ငံ”၊ မေလ ၂၀၂၁ ခုနှစ်တွင် ရယူသည်။ https://www.state.gov/reports/country-reports-on-terrorism-2019/sri-lanka/.

[54] ဟားဗတ်အပြည်ပြည်ဆိုင်ရာ သုံးသပ်ချက်၊ “သီရိလင်္ကာနိုင်ငံပြည်တွင်းစစ်နှင့် ၄င်း၏ သမိုင်း၊ ၂၀၂၀ ခုနှစ် ပြန်လည်သုံးသပ်ချက်” ၂၀၂၀ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် ရယူသည်။https://hir.harvard.edu/sri-lankan-civil-war/

[55] လူနည်းစုအခွင့်အရေးအုပ်စု၊ “သီရိလင်္ကာနိုင်ငံ၊ လူနည်းစုများနှင့် ဌာနေတိုင်းရင်းသားများကမ္ဘာ့လမ်းညွှန်” ၂၀၂၁ ခုနှစ် မေလ ၁၅ ရက်တွင် ရယူသည်။ https://minorityrights.org/country/sri-lanka/.

ဗုဒ္ဓဘာသာ အစွန်းရောက်အဖွဲ့အစည်းဖြစ်သော ဘိုဒူဘလာစီနာ (BBS) သည် မွတ်ဆလင်လူ့အဖွဲ့အစည်းများကို အဆက်မပြတ်ဦးတည်တိုက်ခုိက်ပြီး ၄င်းတို့၏ ယဉ်ကေ့ျးမှု အလေ့အထများ ဖြစ်စေသော "၄င်းတို့၏ ဝတ်စုံစည်းမျဉ်းများ၊ဝတ်ပြုစုတောင်းပွဲများ နှင့် ဟာလာ သားသတ်ခြင်းနည်းလမ်းများကို ဝေဖန်ကြပါသည်။[56]ကန်ဒီမှ၂၀၁၈ခုနှစ်လူထုအစုအဖွဲ့အတွင်း အကြမ်းဖက်မှုတွင်ဆင်ဟာလီဗုဒ္ဓဘာသာဝင်ပေါင်းရာကျော်သည် မွတ်ဆလင် ကျေးရွာ များကုိ တိုက်ခိုက်ခဲ့ပြပါသည်။ ကောလဟာလများနှင့်အမုန်းစကားများ၏အန္တရာယ် ကြီးထွားမှုကို ဗုဒ္ဓ ဘာသာဝင်အရုိးစွဲအစွန်းရောက်အုပ်စုများ၏ ပြောဆိုလှုံ့ဆော်မှုများတွင် မြင်သာထင်ဟပ်လျက်ရှိ ပါသည်။ ဥပမာအားဖြင့် "မွတ်ဆလင်ဆိုင်တွေကို မသွားနဲ့၊ မွတ်ဆလင်ပိုင်တဲ့ဆိုင်တွေက အမျိုးသမီးဝတ်အတွင်းခံဘောင်းဘီတွေကနေပြီး ဆင်ဟာလီအမျိုးသမီးများကို မျိုးမပွားနိုင်အောင် လုပ်ထားသည်" ဟု ပေြ့ာဆိုကြခြင်းရှိသည်။[57] သီရိလင်္ကာနိုင်ငံ ခရစ်ယာန်အဖွဲ့အစည်းများဖြစ်သော သီရိလင်္ကာနိုင်ငံ အမျိုးသားခရစ်ယာန် ဧဝံဂေလိမိသဟအဖွဲ့ြကီး(NCEASL) အရ ခရစ်ယာန် ဝတ်ပြုစုတောင်းပွဲများကိုအမျိုးသားရေးအစွန်းရောက်ဗုဒ္ဓဘာသာအုပ်စုများမှ ဒေသခံအစိုးရ အဖွဲ့များ၏ အကူအညီဖြင့် အစဉ်အနှောက်အယှက်ပြုခြင်းခံရသည် ဟုဆိုပါသည်။[58]

ထုိအမျိုးသားရေး အစွန်းရောက်လုပ်ရပ်များ၏ အစိုးရအကူအညီသည် ခွဲခြားဆက်ဆံမှုဆိုင်ရာ သက်ရောက်မှုများကို တိုးပွားလာစေပါသည်။ စာတမ်းများအရ ၂၀၁၉ ခုနှစ် ဗုံးခွဲခြင်းများဖြစ်ပွားပြီးနောက် အစိုးရသည် ဘိုဒူဘလာစီနာ (BBS) ၏ အစ္စလမ်မုန်းတီးရေး အသုံးအနှုန်းများကို လက်ခံအသုံးပြုခဲ့ပါသည်။[59] အစ္စလမ်ဘာသာရေးေခါင်းဆောင်များကို ဖမ်းဆီးသုတ်သင်ခြင်းနှင့် အတူ အစိုးရသည် မွတ်ဆလင်ဘာသာဝင်များ ဝတ်ဆင်သည့်ဝတ်စုံ ဘာကာ ကို ဝတ်ဆင်ခြင်းမှ ပိတ်ပင်ခြင်း နှင့် နိုင်ငံအတွင်း အစ္စလမ်းကျောင်းပေါင်း ၁၀၀၀ ကေျာ်ကို

---

[56] အထက်ပါအတိုင်း

[57] "ဘာသာရေးအစွန်းရောက်မှု ပဋိပက္ခများသည် သီရိလင်္ကာနိုင်ငံကိုသက်ရောက်မှုကို လေ့လာသူ၊ နယူးရော့ကာ" ၂၀၂၁ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ရယူသည်။

[58] အမေရိကန်အစိုးရဌာန၊ "သီရိလင်္ကာနိုင်ငံ"၊ ၂၀၂၁ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ရယူသည်၊ . https://www.state.gov/reports/country-reports-on-terrorism-2019/sri-lanka/.

[59] ဟာနစ်ဖ်ဖာ ဖာဇာနာ၊ " သီရိလင်္ကာနိုင်ငံမှ မွတ်ဆလင်ဆန့်ကျင်ရေးနည်းလမ်းများ၏နောက်ကွယ်" ၂၀၂၁ ခုနှစ် မေလ ၁၆ ရက်၊

ပိတ်သိမ်းခဲ့ပါသည်။[60] ၂၀၂၁ ခုနှစ် မတ်လ အစောပိုင်းတွင် အစိုးရသည် ပြည်ပမှတင်သွင်းသည့် အစ္စလမ်စာပေများအားလုံးကို ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်လုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်ဟု ကြေညာခဲ့ပါသည်။[61] ၁၉၇၉ခုနှစ် အကြမ်းဖက်မှုတုိက်ဖျက်ရေး အက်ဒ် ဥပဒေဖြင့် အစွန်းရောက်ဝါဒီသံသယရှိသူများကို နှစ်နှစ်တာကာလ အထိ "အစွန်းရောက်မှု ပယ်ဖျက်ရေး စင်တာများ" တွင် လက်တလောတွင် ဖမ်းဆီးထိန်းသိမ်းရန် အသုံးပြုလျက်ရှိသည်။[62] COVID-19ကိုဗစ်ကပ်ရောဂါဖြစ်ပွားစဉ်ကာလတွင်လည်း အစိုးရသည်ကိုဗစ်ရောဂါဖြင့် သေဆုံးသူ များကိုမဖြစ်မနေမီးသင်္ဂြိုဟ်ရန် ပြဋ္ဌာန်းထားပြီး မွတ်ဆလင်နှင့်ခရစ်ယာန်ဘာသာဝင် များအား သေဆုံးသူများကို ၎င်းတို့၏ ဘာသာရေးဓလေ့ထုံးစံများအတိုင်း မြေမြှုပ် သင်္ဂြိုဟ်ခွင့်ကို ပိတ်ပင်ထားပါသည်။[63] ဒေသခံနှင့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ မဖြစ်မနေမီး သင်္ဂြိုဟ်ရန် ထုတ်ပြန်ချက်ကို ဝေဖန်မှုများကြောင့် မကြာသေးမီှကာလတွင် အစိုးရသည် မွတ်ဆလင်နှင့် ခရစ်ယာန်ဘာသာဝင်များ၏ သေဆုံးသူများကို ဝေးလံသည့်ကျွန်းတစ်ခုတွင်း မြုပ်နှံခွင့် ပေးလိုက် ပါသည်။ ဒေသခံလူနည်းစုခေါင်းဆောင်များသည် ဤလုပ်ရပ်ကို "အဆုံးစွန်လူမျိုးခွဲခြားသည့် လုပ်ရပ်" ဖြစ်သည်ဟု ပြောဆိုထားပြီး"ထိုနေရာများတွင် နေထိုင်သည့်တမီးလ်လူမျိုးများနှင့် မွတ်ဆလင်များအားထိပ်တိုက်တွေ့စေခြင်း" ဖြင့်လူ့ထုအစုအဖွဲ့အတွင်းတင်းမာမှုများကိုပိုမို ဆိုးရွားလာသည်ဟု ဆိုပါသည်။[64]

## ထိုင်းနိုင်ငံ

---

[60] အထက်ပါအတိုင်း

[61] အထက်ပါအတိုင်း

[62] "သီရိလင်္ကာနိုင်ငံသည် 'အစွန်းရောက်မှုပယ်ဖျက်ခြင်း' ဖမ်းဆီးချုပ်နှောင်မှု၊ ဘာကွာဖိနိုပ်မျု" ၂၀၂၁ ခုနှစ် မေလ ၁၆ ရက်။ https://www.aljazeera.com/opinions/2021/4/12/what-is-behind-the-anti-muslim-measures-in-sri-lanka

[63] "ကိုဗစ်-၁၉၊ သီရိလင်္ကာနိုင်ငံသည် 'မွတ်ဆလင်ဖိနှိပ်သည့်' မီးသင်္ဂြိုဟ်ခြင်းအမိန့်"၊ BBC သတင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်၊ အာရှ။

[64] "ကိုဗစ်-၁၉ ၊ သီရိလင်္ကာနိုင်ငံသည် မြုပ်နှံရန် ဝေးလံသည့်ကျွန်းတစ်ကျွန်းကိုရွေးချယ်ခဲ့သည်"၊ BBC သတင်း၊ ၂၀၂၁ ခုနှစ် မတ်လ ၂ ရက်၊ အာရှ။

ထိုင်းနုိင်ငံသည်လည်း လူများစု ဗုဒ္ဓဘာသာဝင်များ၏ နိုင်ငံသားခွဲခြားသတ်မှတ်ချက်တွင် ပါဝင်သည့်ကဏ္ဍ နှင့် ၎င်းတို့၏ သိသာထင်ရှားသည့် လူနည်းစုဘာသာရေးအုပ်စုများအကြား ဆက်နွှယ်မှုနှင့်ပက်သက်သည့် ပြသနာရပ်များ ပေြာင်းရွှေ့နေထိုင်ရေးပုံစံများနှင့်နယ်စပ်ဒေသများ တွင်ပဋိပက္ခများနှင့်အရပ်ဖက်လူ့အဖွဲ့အစည်းလှုပ်ရှားခွင့်ကို အဟန့်အတားပြုသည့် နယ်မြေ ကန့်သတ်ချက်များ ဤသည်ကို ပို၍အားကောင်းဖြစ်ပေါ်စေပါသည်။ ထိုင်းနိုင်ငံ၏ ၂၀၁၀ ခုနှစ်သန်းခေါင်စာရင်းနှင့် လက်တလောစာတမ်းများအရ လူဦးရေ၏ ၉၃%-၉၅% သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး၅% မှာ ဆူနီမွတ်ဆလင်များ ြဖစ်ကြသည်။ အခြားဘာသာရေးလူနည်းစု များတွင် နတ်ကိုးကွယ်သူများ၊ ခရစ်ယာန်များ၊ ဟိန္ဒူ၊ ဂျူး နှင့် သိခဘာသာ တို့ပါဝင်ပါသည်။ အစ္စလမ်ဘာသာသည် “တောင်ပိုင်းအစွန်း” ပြည်နယ်များ ( နရာသီဝတ်၊ ရာလာ နှင့် ပတ္တနီ) စသည့် ပြည်နယ်များတွင် လွှမ်းမိုးမှုများသည့် ဘာသာရေးတစ်ခုဖြစ်ပါသည်။

ထိုင်းနုိင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် “လူသားတိုင်းကို၎င်းတို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ များကိုပွားများခွင့်၊ လေ့လာခွင့် သို့မဟုတ်ကျင့်ကြံခွင့်ကုိ “နိုင်ငံတော်၏လုံခြုံရေး မထိခိုက်သည့် အခြေအနေအထိ” ပြုလုပ်ခွင့် ပေးထားပါသည်”။၂၀၁၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထေရဝါဒဗုဒ္ဓဘာသာကိုလူမှုရေးနှင့်နုိင်ငံရေးယန္တရားများဖြစ်သည့်ပညာရေးကဲ့သို့ေသာနယ်ပယ်များ မှတဆင့်“ဗုဒ္ဓဘာသာကို ပြိုးနွှမ်းစေခြင်းမည်သည့်ပုံစံမျုိးကုိမဆိုကာကွယ်ရန်” အထူးအလေး ပေးထားပါသည်။[65]သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေပုဒ်မ(၃၁)မှ ဘာသာရေးဆုိင်ရာ ပြဌာန်းချက်များဆိုင်ရာလွတ်လပ်ခွင့်များ တိုးမြှင့်ရန် “ထိုင်းလူမျိုးများအား ဘက်လိုက်မှုမပြုဘဲ နိုင်ငံတော်၏လုံခြုံရေးကိုထိခိုက်စေခြင်းမရှိဘဲသို့မဟုတ် လူထုငြိမ်ဝတ်ပိပြားရေး သို့မဟုတ် လူထုကိုယ်ကျင့်တရားများပျက်ပြားမှုမရှိစေဘဲ”လုပ်ဆောင်ခွင့် ပေးထား ပါသည်။[66]ထိုပြဌာန်းချက်များမှာ ပြန်လည်အသုံးပြု ကျင့်သုံးသည့် ပုံစံများ အပေါ်တွင် မူတည်၍ လူနည်းစုလူအစုအဖွဲ့များ၏ ဘာသာရေးအလေ့အကျင့်များကုိလွယ်ကူစွာ ဦးတည်တိုက်ခိုက်

[65] လူနည်းစုအခွင့်အရေးအဖွဲ့၊ “ထိုင်းနိုင်ငံ၊ လူနည်းစုနှင့် ဌာနေတိုင်းရင်းသားများကမ္ဘာ့လမ်းညွှန်၊” ၂၀၂၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ရယူသည်။ https://minorityrights.org/country/thailand/.
[66] အထက်ပါအတိုင်း

နိုင်ပါသည်။ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံးဘာသာရေးဖြစ်သည့် အစ္စလမ်ဘာသာသည် နိုင်ငံတော်အစိုးရနှင့် လူ့အဖွဲ့အစည်း၏ အထူးအာရုံပြုမှုခံရလေ့ရှိပါသည်။ ၁၉၄၆ ခုနှစ် ဥပဒေများတွင် ထိုင်းနိုင်ငံသည် တောင်ပိုင်းမွတ်ဆလင် အများစုနေထိုင်ရာပြည်နယ်များမှ မွတ်ဆလင်များအတွက် ရှရီလာကို ကျင့်သုံးခွင့်ကို တရားဝင်အသိအမှတ်ပြုထားပါသည်။ ရှရီလာဥပဒေများ ကျင့်သုံးခြင်းကို တရားရုံးတွင် မိသားစုနှင့် အမွေဆက်ခံမှုဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ကန့်သတ်ထားပါသည်။[67]

ထိုင်းနုိင်ငံတောင်ပိုင်း အချိန်ကြာမြင့်စွာလှုပ်ရှားလျက်ရှိသည့် ဘာသာရေးနှင့်လူမျိုးရေး အယူအဆများ၏ချိတ်ဆက်ယှက်နွယ်မှုများရှိပြီး ထိုဒေသတွင်းမှ မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာဝင် လူမျိုးများအကြား ကြီးမားသည့် တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုတင်းမာမှုများသည် နုိင်ငံတဝှမ်း ပိုမိုတွင်ကျယ်စွာ ဖြစ်ပွားလာနိုင်သည့် အန္တရာယ်များ နှင့် အချို့သကေ်သများကို တေွ့ရှိနိုင်ပါသည်။ အထူးသဖြင့် မွတ်ဆလင်အများစု နေထိုင်းသည့် ပြည်နယ်များတွင် ပဋိပက္ခများသည်“ကြာမြင့်ပြီး ရှုပ်ထွေးကာ လက်ရှိအထိပျံ့ပွားလျက်ရှိပါသည်”။[68] အုပ်ချုပ်ရေးအာဏာနှင့် ဘာသာစကားဆိုင်ရာအခွင့်အရေး၊ထိုင်းနုိင်ငံနှင့် မလေးမွတ်ဆလင်များအကြားခွဲခြား သတ်မှတ်ချက်အခွင့်အရေးဆိုင်ရာ ဆွေးနွေးညိှနှိုင်းမှုများကိုနှစ်ပေါင်းများစွာ ဆက်လက်ပြုလုပ် လျက်ရှိပြီး တိကျရှင်းလင်းသည့်ရလာဒ်များမရရှိခဲ့ကြပါ။ ၂၀၀၄ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားတွင် ပဋိပက္ခများ ကောြင့် အသက်ပေါင်း (၇၂၃၃)ခန့်ဆုံးရှုံးခဲ့ရပါသည်။[69] အချို့လေ့လာသုံးသပ်သူများအနေဖြင့် ထိုင်းနိုင်ငံ၏မွတ်ဆလင်များ၏ တင်းမာမှုများကို ပိုမိုကျယ်ပြန့်သည့် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုကိစ္စရပ်နှင့် ဆက်နွယ်မှုများကို လေ့လာရာတွင် “အကြမ်းဖက်မှုများသည် ဒေသတွင်းပြဿနာရပ်ဖြစ်ကြောင်း”[70] တွေ့ရှိကာ တောင်ပိုင်းဒေသများရှိ ဒေသခံလူထု၏ ဆင်းရဲမွဲတေမှုနှင့်တန်းတူညီမှုမရှိသည့် ကုိယ်စားပြုပါဝင်ခွင့်များသည် အဓိကပြဿနာရပ်

[67] အင်မိုင်ဇူမီရှင်ရာ၊ “ထိုင်းနိုင်ငံအတွင်း အစ္စလမ်ဘာသာဥပဒေများ အသုံးပြုကျင့်သုံးခြင်း”၊ ၂၀၁၇ ခုနှစ်. ၃၁။

[68] ဂျိုးလ်၊ ခရစ်စတိုဖာမာ့ခ်၊ “ထိုင်းနိုင်ငံတောင်ဖက် ဘာသာရေးနှင့် ဘာသာစကားလူနည်းစုများကို အပြစ်ပေးမှုရပ်ဆိုင်းခြင်းဆိုင်ရာနားလည်မှု” မွတ်ဆလင် လူ့အခွင့်အရေးကမ္ဘာ့ဂျာနယ်၊ ၂၀၂၁ ခုနှစ် ဧပြီလ ၁ ရက်၊ https://doi.org/10.1515/mwjhr-2020-0025.

[69] “ထိုင်းနိုင်ငံတောင်ပိုင်းအြကမ်းဖက်မှုများ အကျဉ်းချုပ်၊ ၂၀၂၁ ခုနှစ် မတ်လ၊ DeepSouthWatch.Org” ၂၀၂၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ရယူထားသည်။ https://deepsouthwatch.org/en/node/11981.

[70] ပဋိပက္ခလေ့လောရေးအဖွဲ့၊ “ထိုင်းနိုင်ငံတောင်ပိုင်း၊ အကြမ်းဖက်မှုများ၊ ဂျီဟတ်မဟုတ်၊” ၂၀၀၅ ခုနှစ် မေလ ၁၈ ရက်။ https://www.crisisgroup.org/asia/south-east-asia/thailand/southern-thailand-insurgency-not-jihad.

နှစ်ရပ်ဖြစ်သည်ဟုသုံးသပ်ဖော်ပြထားပါသည်။ ဒေသတွင်း ၄င်းတို့ဦးရေအများအပြားရှိသော်လည်း အများစုသော အစိုးရဝန်ထမ်းအလုပ်များနှင့် အစိုးရကျောင်းများမှ သင်ကြားရေးနေရာများတွင် မွတ်ဆလင်မဟုတ်သည့်သူများကို ခန့်အပ်ထားပါသည်။ မလေးဘာသာစကားဖြင့် သင်ကြားမှုကို တောင်းဆိုမှုများသော်လည်း ၄င်းအား အစိုးရမှ အခြားအစမွဘာသာရေးသွတ်သွင်းမှုဖြစ်သည်ဟု ထင်မြင်ယူဆလျက်အစိုးရကျောင်းများသည် သင်ကြားမှုကြားခံအဖြစ် ထိုင်းဘာသာစကားကို သာအသုံးပြုသည်။

ထိုင်းနုိင်ငံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနိယာမများ နှင့် နည်းလမ်းများကို နုိင်ငံတော် ဥပဒေပြုရေးနှင့် မူဝါဒများအတွင်း ထည့်သွင်းပေါင်းစည်းရန် ကြိုးပမ်းလုပ်ဆောင်မှုများ ရှိသော်လည်းဘာသာရေးသို့မဟုတ်ယုံကြည်မှုလွတ်လပ်ခွင့်အတွက် ရှင်းလင်းသည့်လုပ်ဆောင် ချက်များကိုမတွေ့ရသေးပါ။[71] ၂၀၁၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "အမျိုးသားများနှင့် အမျိုးသမီးများသည်တန်းတူညီသည့်အခွင့်အရေးများကို ရယူခွင့်ရှိသည်" ဟုရှင်းလင်းစွာ ပြဌာန်းထားပြီး"ဘာသာရေးနိယာမများနှင့်ကိုက်ညီလိုက်နာမှု"အတွက်ချွင်းချက်များထားရှိ ထားပါသည်။[72] ဘာသာရေးအဖွဲ့အစည်းများတွင် အမျိုးသားနှင့် အမျိုးသမီးများ၏ ကဏ္ဍများတွင် သိသာထင်ရှားသည့်တန်းတူညီမှုမရှိခြင်းများကို တွေ့နိုင်ပါသည်။ နုိင်ငံတော်ဥပဒေများသည် အမျိုးသမီးသီလရှင်များကို ဥပဒေအရအသိအမှတ်ပြုခြင်းကန့်သတ်ထားပြီး အမျိုးသမီးသီလရှင် များအနေဖြင့် သီရိလင်္ကာနိုင်ငံတွင် သွားရောက်လက်တင်ခံကြသည်။[73] တွေ့ရှိရသော အချက် အလက်များအရခန့်မှန်းချေအားဖြင့် ၀.၁% သော(၂၃၉၀၂၃)ဦးရေရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည်သာလျင် အမျိုးသမီးများဖြစ်ကြသည်။ အမျိုးသမီးသီလရှင်များအား ဘာသာရေးဝတ်ပြုခွင့်နှင့်ဘုန်းကြီးကျောင်းများနှင့်ဘုရားကျောင်းများထူထောင်ခွင့် ပေးထားသော်လည်းထုိအဖွဲ့အစည်းများသည်အစိုးရအသိမှတ်ပြုခြင်းခံရခြင်းမရှိဘဲ အထောက် အပံ့များနှင့်အခွန်သက်သာခွင့်ကဲ့သုိ့သောအခြားအစိုးရထံမှအကျုိးခံစားခွင့်များကိုရရှိခြင်း

[71] UN Women၊ အာရှနှင့်ပစိဖိတ်ဒေသ၊ "ထိုင်းနိုင်ငံစာမျက်နှာ- UN Women အာရှပစိဖိတ်ဒေသ" ၂၀၂၁ ခုနှစ် မေလ ၁၆ ရက်၊ https://asiapacific.unwomen.org/en/countries/thailand

[72] အမေရိကန်ပြည်ထောင်စုအစိုးရဌာန "ထိုင်းနိုင်ငံ"၊ ၂၀၂၁ ခုနှစ် မေလ ၁၆ ရက်နေ့၊ https://www.state.gov/reports/2020-report-on-international-religious-freedom/thailand/.

[73] အထက်ပါအတိုင်း

မရှိကြပါ။အခြားဘာသာရေးလူထုအစုအဖွဲ့များအကြား ခေါင်းဆောင်မှုနေရာများတွင် အမျိုးသမီး၏ ကိုယ်စားပြုပါဝင်မှုသည် အနည်းဆုံးအခြေအနေမှ လုံးဝမရှိသည့်အခြေအနေအထိ တွေ့နိုင်ပါသည်။

## အင်ဒိုနီးရှားနိုင်ငံ

ယနေ့ခေတ်အင်ဒိုနီးရှားနိုင်ငံတွင် ဘာသာရေးဆိုင်ရာဝိသေသကွဲပြားသတ်မှတ်ချက်များ နှင့် အဖွဲ့အစည်းများသည်သိသာထင်ရှားသည့်စိန်ခေါ်မှုများဖြစ်ပြီးငင်းတို့၏ လူမှုပေါင်းစည်းညီညွတ်မှု၊ လုံခြုံရေးနှင့် နိုင်ငံသားသတ်မှတ်ခြင်း စသည့်ကိစ္စရပ်များနှင့် ဆက်နွယ်မှုများ ရှိပါသည်။ ဘာသာရေးဆိုင်ရာ မတူညီကွဲပြားချက်ကို လက်ခံခြင်းသည် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးနှင့် လူမှုရေးနောက်ခံ၏ အခြေခံကြသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပန်ကာစီလာ (Pancasila) ခေါ် အင်ဒိုနီးရှားအတွေးအခေါ်အယူအဆသည် အင်ဒိုနီးရှားနိုင်ငံ၏ အမှတ်သင်္ကေတတစ်ခုဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည့် စည်းမျဉ်းနိယာမ ၅ ရပ်တွင် ဘုရားသခင်ထံတွင်ယုံကြည်ကိုးစားခြင်း၊မှျတပြီးယဉ်ကျေးမှုထွန်းကားသော လူသားချင်း ထောက်ထားမှု၊အင်ဒိုနီးရှားနိုင်ငံသားများ၏စည်းလုံးညီညွတ်မှု၊ကိုယ်စားပြုအတိုင်ပင်ခံ ဆွေးနွေးခြင်းများ၏ ကောင်းမွန်သည့်လမ်းညွှန်ချက်များအောက်မှဒီမိုကရေစီနှင့် အင်ဒိုနီးရှား လူမျိုးများအားလုံးအတွက်လူမှုတရားမှျတရေးစသည် တို့ပါဝင်သည်။ ကမ္ဘာ့လူဦးရေအများဆုံး မွတ်ဆလင်လူ့အဖွဲ့အစည်းရှိသောအင်ဒိုနီးရှားနိုင်ငံသည်သိသာထင်ရှားသည့်ဘာသာရေးလူ့အဖွဲ့ အစည်းများနှင့်ပန်ကာစီလာအတွေးအခေါ်များတွင်ထုတ်ဖော်ရည်ညွှန်းထားသည့် ဘာသာရေး ဗဟု ဝါဒအားကောင်းတိုးမြှင့်ရေးအတွက် မူဝါဒများချမှတ်ရန် ကြိုးပမ်းမှုသမိုင်းကို တွေ့ရပါသည်။

လူဦးရေ၏ ၈၇ % ဖြစ်သည့် ၂၆၇ သန်းသည် ဆွန်နီအစ္စလမ်များဖြစ်ကြပြီး ၇ % ပရိုတက်စတန့်၊ ကက်သလစ် ၃ %၊ ဟိန္ဒူ ၁.၅ %၊ ဗုဒ္ဓဘာသာ ၀.၇ % နှင့် ဌာနေတိုင်းရင်းသား ၀.၈ % နှင့် အခြားနိုင်ငံရေးယုံကြည်မှုများ ရှိကြပါသည်။[74] အင်ဒိုနီးရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည်

[74] အမေရိကန်အစိုးရဌာန "အင်ဒိုနီးရှား"၊ ၂၀၂၁ ခုနှစ် မေလ ၁၇ ရက်၊ https://www.state.gov/reports/2020-report-on-international-religious-freedom/indonesia/.

၄င်း၏ နုိင်ငံသားများကို ဘာသာရေးလွတ်လပ်ခွင့်ကို အခြေအနေအလိုက် ကျင့်သုံးခွင့် အပြည့်အဝပေးထားပါသည်။ဘာသာရေးလွတ်လပ်ခွင့်ကို လူ့အခွင့်အရေးတစ်ရပ်အဖြစ် သတ်မှတ်ထားပြီးမိမိတုိ့နှစ်သက်ရာဘာသာရေးကိုကျင့်သုံးခွင့်အခွင့်အရေးကုိ အခိုင်အမာပေးထားပါသည်။[75] လွတ်လပ်စွာဝတ်ပြုခွင့်ကို အကာအကွယ်ပေးထားသော်လည်း "ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်တရား၊ ဘာသာရေးတန်ဖိုးများ၊ လုံခြုံရေး နှင့် လူထုငြိမ်ဝတ်ပိပြားရေးတို့ကို" မချိုးဖောက်သည် အခြေအနေများတွင်သာ လုပ်ဆောင်ရမည်ဟု ဆိုသည်။[76] အင်ဒိုနီးရှားနိုင်ငံ၏ ဘာသာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေရေးရာ ချဉ်းကပ်လုပ်ဆောင်မှုများတွင် ဘာသာကြီး ၆ ခု ကိုသာလျင် တရားဝင် အသိအမှတ်ပြုထားသည်။ ၄င်းတို့မှာ အစ္စလမ်၊ ကက်သလစ်ဘာသာ၊ ပရိုတက်စတန့်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ နှင့် ကွန်ဖြူးရှပ်ဝါဒ တုိ့ဖြစ်သည်။ အသိအမှတ်ပြုထားသည် ဘာသာတစ်ခုချင်းဆီတွင် "ဘုရားသားတော်၊ ကြမ်းစာ နှင့် ဘုရားသခင်းရှိပြီးအြပည်ပြည်ဆိုင်ရာအသိအမှတ်ပြုရရန််ဖစ်သည်"။ထုိ့ကြောင့် ရိုးရာကိုးကွယ်မှု ဓလေ့များနှင့်ဌာနေတိုင်းရင်းသားများ၏ ဘာသာရေးများအားခွဲခြား ဆက်ဆံခြင်း ပြုကြပါသည်။[77]

အင်ဒိုနီးရှားနိုင်ငံ၏ဘာသာရေးအစွန်းရောက်မှုများကိုဦးတည်ဖြေရှင်းမှုများတွင်ဘာသာရေး ဆုိင်ရာလွတ်လပ်ခွင့်နှင့် ငြိမ်းချမ်းရေးထူထောင်ခြင်းတို့နှင့်ဆက်နွယ်လျက်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ( ဥပဒေအပိုဒ် ၁၅၆/၁) နှင့် သမ္မတအမိန့်ကြေညာစာ (၁၉၆၅)တွင် နုိင်ငံတော် အသိအမှတ်ပြုဘာသာရေးအုပ်စုများအား"ရန်လိုတုိက်ခုိက်ြခင်း၊အမုန်းတရားသို့မဟုတ်ဂုဏ် သိက္ခာညိှုးနွမ်းစေခြင်း" နှင့်ဘာသာရေးသင်ကြားမှုများ၏ "ကွဲပြားသည့် လိုသလိုအသုံးပြုမှု" တို့ကုိ ပြစ်ဒဏ်များသတ်မှတ်ထားပါသည်။[78]အင်ဒိုနီးရှားလွှတ်တော်သည်ထုိဥပဒေများကို ပိုမိုဖြန့်ကျက်၍ အောက်ပါလုပ်ဆောင်ချက်များကုိ ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုများအဖြစ် ထည့်သွင်းရန် သုံးသပ်ထားပါသည်။၄င်းတို့တွင်ဘာသာရေးတစ်မျိုးမျိုးကိုဂုဏ်သရေညိုးနွမ်း စေခြင်း၊ တစ်စုံတစ်ယောက် ကိုယုံကြည်သက်ဝင်မှုမရှိေစရန်ဆွဲေဆာင်ခြင်း၊ ဘာသာရေးဝတ်ပြုခြင်းကို အနှောက်အယှက် ပေးခြင်းသို့မဟုတ်ဝတ်ပြုသည့်နေရာများတွင်ကျယ်လောင်စွာအသံပြုခြင်းနှင့်ဘာသာရေးဝတ်ပြု

[75] အထက်ပါအတိုင်း

[76] အထက်ပါအတိုင်း

[77] အထက်ပါအတိုင်း

[78] နာဒီ၊ ဒိုမစ်နစ်ဂျေ နှင့် ပက်ထရစ်ဂရင်းဝိတ်၊ "မူဝါဒအသစ်၊ အင်ဒိုနီးရှားတွင် ဘာသာရေးပြစ်မှုစွပ်စွဲခြင်း" ၂၀၁၉ခုနှစ်၊ ၅။

ပွဲများကိုလုပ်ဆောင်စဉ်ဘုန်းတော်ကြီးများကိုထိခိုက်စော်ကားခြင်း တုိ့ပါဝင်ပါသည်။[79] လူနည်းစု ဘာသာရေးအဖွဲ့များသည်ထိုဥပဒေများကိုအသုံးပြု၍ဖိနှိပ်ချုပ်ချယ်ကန့်သတ်မည်ကို ပူပန်လျက် ရှိသည်။ထို့အပြင် ၂၀၀၈ ခုနှစ် အင်ဒိုနီးရှား အီလက်ထရောနစ် အချက်အလက်များနှင့် လွဲပေြာင်းခြင်း ဥပဒေသည် ဘာသာရေးဆိုင်ရာစော်ကားထိခိုက်မှုပြုသည့် ရေးသားချက်များကို အွန်လိုင်းတွင် ရေးသားဖြန့်ဝေခြင်း မှ တားြမစ်ထားပါသည်။ ၁၉၆၅ ခုနှစ် မှစ၍ လူပေါင်း ၁၅၀ ကျော်ကိုထိုဘာသာရေးထိခိုက်စော်ကားမှုဥပဒေများအောက်မှ ပြစ်ဒဏ်ပေးခဲ့ပြီး ထိုပြစ်ဒဏ်ပေးခံ ရသူများတွင်လူနည်းစုဘာသာရေးများမှအများစုပါဝင်ပြီး“အစ္စလမ်ဘာသာကို ဝေဖန်သည်ဟု ယူဆရသော” သူများ အများစုပါဝင်သည်။[80]

လွှမ်းမိုးမှုမရှိသည့်ဘာသာကြီးများမဟုတ်သော ဘာသာများ၏အလေ့အကျင့်များအပေါ်အခြေခံ၍ ဖိနုိပ်ညှင်းပန်းခြင်းများသည် အင်ဒိုနီးရှားနိုင်ငံတွင် သမိုင်းကေြာင်းတစ်လျှောက်တွင် ရှိခဲ့ပြီး လက်တလောနှစ်များတွင် သိသာထင်ရှားသည့် ဥပမာများကို တွေ့ရပါသည်။ အစ္စလမ်အဖွဲ့၏ မိစ္ဆာဒိဋ္ဌိသင္ဘော အယူကျင့်သုံးခြင်းနှင့် ဘာသာကူးပေြာင်းခြင်းကိုတားမြစ်ခြင်းပြုသည့် ပူးတွဲ ဝန်ကြီးများအမိန့်ကြေညာစာစတင်ကေြညာသည့်အချိန်၂၀၀၈ခုနှစ်မှစ၍ အာမဒီလူ့အဖွဲ့အစည်း သည် အထူးသဖြင့် ဦးတည်တိုက်ခိုက်ခံရလျက်ရှိသည်။ ထိုနည်းတူစွာ ပိတ်ပင်တားမြစ်ချက်များကို အများမှ ဂဖတာဟု သိထားသည့် ဖဂျာ နုဆန်တာရာ လှုပ်ရှားမှုအပေါ် ပြုလုပ်ခဲ့ပါသည်။[81] မာဂျလီစ် အူလာမာအင်ဒိုနီးရှား Majelis Ulama Indonesia (MUI) သည် အစ္စလမ်ဘာသာဝင်များအားဖြစ်သည့် အင်ကာ အယ်လ် ဆူန်နာ Inkar al-Sunnah၊ အာမာဒီရာ၊ အစ္စလမ် ဂျာမာ အာ Islam Jama’ah၊ လီရာအီဒင် Lia Eden လူ့ထုအဖွဲ့အစည်း နှင့် အယ်လ် ကီရာဒါ အယ်လ်-အစ္စလမ်မီရာ al-Qiyadah al-Islamiyah စသည့်အစ္စလမ်ဘာသာဝင်များကို ဘာသာကူးပြောင်းခြင်းကို ကန့်သတ်သည့် အစ္စလမ်ဥပဒေ ဖက်ဒ်ဝါ ကို ထုတ်ပြန်ခဲ့သည်။[82] ရှီရာလူထုအဖွဲ့အစည်းသည် ရှီရာသင်ကြားမှုများ

---

[79] လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့၊ “ကြမ်းကြုတ်သည့်ဘာသာရေးပြစ်မှုဥပဒေကို အင်ဒိုနီးရှားမှ ဖြန့်ကျက်ခြင်း” ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃၁ ရက်။

[80] အထက်ပါအတိုင်း

[81] အမေရိကန်အစိုးရဌာန “အင်ဒိုနီးရှား”၊ ၂၀၂၁ ခုနှစ် မေလ ၁၇ ရက်နေ့တွင်ရယူသည်၊ . https://www.state.gov/reports/2020-report-on-international-religious-freedom/indonesia/.

[82] အထက်ပါအတိုင်း

ပြန်နှ့ံခြင်းကို ကန့်သတ်သည့် MUI မှ ဖက်ဒ်မာဥပဒေ၏ ကန့်သတ်ခံလူထုဖြစ်ခဲ့ပါသည်။ ထိုကန့်သတ်ချက်များအပေါ်လူထုအမြင်မှာ ရောထွေးလျက်ရှိသည်။ အရပ်ဖက်လူ့အဖွဲ့အစည်းများ အနေဖြင့် အားလုံးအတွက် တန်းတူညီသည့် တရားမှျတမှုကို တောင်းဆိုချက်များရှိသော်လည်း ဒေသခံအစိုးရနှင့် အချို့သောဆူနီ ခေါင်းဆောင်များသည် အာမဒီ လူထုအား ဘာသာကူးပြောင်းရန် သို့မဟုတ် အိုးအိမ်မှဖယ်ရှားရန် ဆက်လက်ဖိအားပေးလျက်ရှိသည်။[83] အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိ ဘာသာရေးရေးရာဝန်ကြီးဌာနသည်ဘာသာရေးလူနည်းစုများ၏ အခွင့်အရေးများကိုကာကွယ် ပေးရန် မကြာသေးမီအချိန်အခါများမှ ကတိပြုထားသည်။[84]

ဆူမားတြား မြောက်ပိုင်း အာချီ Aceh ပြည်နယ်သည် အင်ဒိုနီးရှားနိုင်ငံတွင် ဘာသာရေးအရ ရှေးရိုးစွဲမှုအကြီးဆုံးပြည်နယ်တစ်ခုဖြစ်ပြီးရှရီလာဥပဒေကိုကျင့်သုံးသည်။ ရှရီလာတရားရုံး များတွင်သမိုင်းအစဉ်အလာအရလက်ထပ်ထိန်းမြားခြင်း၊ကွာရှင်းပြတ်ဆဲခြင်းနှင့် အမွေဆက်ခံခြင်း တို့ကိုကိုင်တွယ်ပြီး မကြာမီအချိန်မှပိုမုိများပြားသည့် ပြစ်ဒဏ်သတ်မှတ်ချက်များအြဖစ် လိင်တူ အချင်းချင်းပေါင်းသင်းနေထိုင်ခြင်း၊လက်ထပ်ခြင်းမပြုမီှနှင့်အိမ်ထောင်ဘက် မဟုတ်သော သူများနှင့်လိင်ဆက်ဆံခြင်းနှင့် အရက်သေစာသောက်စားခြင်း နှင့် ရောင်းချခြင်းတုိ့နှင့် အလောင်း ကစားလုပ်ခြင်းတုိ့ကို ပြစ်ဒဏ်ပေးရန်နယ်ပယ်ချဲ့ထွင်လာပါသည်။[85] ကိုယ်ကျင့်တရားထိန်း ကျောင်းခြင်း၊ လူအများကြား အရှက်ခွဲပြုမူခြင်း၊ ရိုက်နှက်ပြစ်ဒဏ်ပေးခြင်း နှင့် အမျိုးသမီးများ ရွေ့လျားသွားလာခွင့်ကို ပိတ်ပင်ခြင်းများသည် အာချီ Aceh ရှရီလာဥပဒေမှ သိသာထင်ရှားသည့် လူအခွင့်အရေးချိုးဖောက်မှုများကုိ တွေ့မြင်နုိင်သည်။

## အကြံပြုထားသည့် လုပ်ဆောင်ချက်များ

[83] လူနည်းစုအခွင့်အရေးအုပ်စု၊ "အင်ဒိုနီးရှား၊ ကမ္ဘာ့လူနည်းစုနှင့် ဌာနေတုိင်းရင်းသားလမ်းညွှန်"၊၂၀၂၁ ခုနှစ် မေလ ၁၇ ရက်၊ https://minorityrights.org/country/indonesia/.

[84] စထရန်ဂျီအို ဆီဘက်စ်ရှန်၊ "အင်ဒိုနီးရှားဝန်ကြီးသည် ဘာသာရေးလူနည်းစုများကိုကာကွယ်ရန်ကတိပြုထားသည်" ၂၀၂၁ ခုနှစ်မေလ ၁၇ရက်နေ့တွင် ရယူသည်။https://thediplomat.com/2021/01/indonesian-minister-pledges-to-safeguard-religious-minorities/

[85] လီဝယ်လ်လင်းအိုင်ဆာ၊ "အရှက်တရားနှင့် ထိခိုက်ပြောဆိုမှုများ၊ အာချီ အစ္စလမ်မစ်ဥပဒေသည် လူ့အခွင့်အရေးကို ချိုးဖောက်သည်။" ၂၀၂၁ခုနှစ် မေလ ၁၇ ရက်၊ https://www.aljazeera.com/news/2019/6/28/shame-and-humiliation-acehs-islamic-law-violates-human-rights.

ဘာသာရေးနှင့် ယုံကြည်မှုလွတ်လပ်ခွင့်တုိးမြှင့်နုိင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် ထိုမှတဆင့် ကြိုတင်ပြင်ဆင်တွက်ဆထားပြီး ကောင်းမွန်စွာဖွဲ့စည်းထားသည့် စကားဝိုင်းများကို ထူထောင်ရေးနှင့်သုတေသနနှင့် အလေ့အကျင့်များ စောင့်ကြည့်ကွပ်ကဲရေးမှတဆင့် ဗဟုသုတနှင့်နားလည်မှုများတည်ဆောက်ရန်စနစ်ကျသည့် ကြိုးပမ်းအားထုတ်မှုများမှ ငြိမ်းချမ်းရေးထူထောင်ရန်လိုအပ်ပါသည်။နုိင်ငံတော်နှင့် ဒေသတွင်အဆင့်များ၏လွှမ်းခြုံဦးတည်ချက်မှာ အားလုံးပါဝင်နိုင်သည့် လူအဖွဲ့အစည်းနှင့် ဗဟုဝါဒ၏အကျိုးကျေးဇူးများကိုနားလည်မှုတိုးမြှင့်ရေးနှင့် မှတ်တမ်းတင်ခြင်းတို့ဖြစ်ပါသည်။ဤဒေသ၏အနာဂါတ်ဖွံ့ဖြိုးတုိးတက်ရေးအတွက်သမိုင်းအစဉ်အလာနှင့် နည်းဗျူဟာကြသည့်အမြင်များနှစ်မျိုးစလုံး ဖြင့်ဘာသာခြားများအချင်းချင်း ဆက်နွယ်မှုများ သမိုင်းအစဉ်အလာ ကြွယ်ဝမှုဖြင့်အစုအဖွဲ့များအကြားဆက်နွယ်မှုနှင့်ညီညွတ်မှုတို့ကိုအထောက်အပံ့ ပေးမည့် သမရိုးကျအစဉ်အလာနှင့် ခေတ်မီအစဉ်အလာများအပေါ်ထူထောင်နိုင်ပါသည်။

SEA-AIRစီမံကိန်းအတွေ့အကြုံများနှင့်သုတေသနအတွေ့အကြုံများမှပေါ်ထွက်လာသည့် သီးသန့်လုပ်ဆောင်နိုင်သည့် အကြံပြုချက်များကုိ အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။

**ခွဲခြားဆက်ဆံမှုများကိုအဆုံးသတ်စေရန်အပြည်ပြည်ဆိုင်ရာဥပဒေမူဘောင်များကိုအတည်ပြုထောက်ခံခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊**အစိုးရနှင့်အစိုးရမဟုတ်သည့်ပါဝင်သက်ဆိုင်သူများအကြားဦးတည်ချက်ထား၊တသမတ်တည်းကျပြီးခိုင်မာသည့် ကြိုးပမ်းအားထုတ်မှုများကိုဥပဒေပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများအတွက်လိုအပ်ပါသည်။ ဒေသတွင်းနှင့်နိုင်ငံတော်အဆင့် မိတ်ဖက်များထူထောင်ခြင်းသည် ပထမဆုံးခြေလှမ်းတစ်ခုဖြစ်နိုင်ပြီး ဘာသာရေးသို့မဟုတ် ယုံကြည်မှုလွတ်လပ်ခွင့်ဆိုင်ရာအခွင့်အရေးများအားအပြည်ပြည်ဆိုင်ရာဥပဒေအကာအကွယ်ပေးခြင်း၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်ဥပဒေများဆုိင်ရာအခိုင်အမာအတည်ပြုအကာအကွယ်ပေးခြင်းတို့ကိုလုပ်ဆောင်နုိင်ပါသည်။ ဒေသတွင်းချိတ်ဆက်မှုများ(ဥပမာ လူ့အခွင့်အရေးဆိုင်ရာASEANလွှတ်တော်များ(APHR)နှင့်SAARC)တို့သည် နိုင်ငံတော်တရားဥပဒေ ရေးဆွဲရေးအဖွဲ့အစည်းများကိုနိုင်ငံတော်မှဥပဒေများ၊တရားစွဲဆိုခြင်းလုပ်ငန်းစဉ်များ၊မူဝါဒနှင့်အလေ့အကျင့် များ၏

ခွဲခြားဆက်ဆံမှုဖြစ်ပေါ်စေသည့်ရှုထောင့်များကို ဆန်းစစ်လေ့လာမှုများပြုမှုအတွက် ကနဦးအစပျိုးတိုက်တွန်းနိုင်ပါသည်။သိသာထင်ရှားသည့် ခေါင်းစဉ်တစ်ရပ်အနေဖြင့်ကျားမလိင်သတ်မှတ်ချက် လူနည်းစုများအပေါ် ၄င်းတုိ့၏ သက်ရောက်မှုများဟူ၍ ပါဝင်နိုင်ပါသည်။

**ဘာသာရေးလူနည်းစုများ၏လုံခြုံရေးကိုအခိုင်အမာကာကွယ်ပေးရေး၊**နိုင်ငံတစ်ခုချင်းဆီမှ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအခွဲများမှ ဒေသခံအစိုးရများနှင့်တရားဥပဒေစိုးမိုးရေးအာဏာပိုင်များအတွက်သီးခြားလမ်းညွှန်ချက်များထုတ်ပေးပြီးမတူညီကွဲပြားသည့်ဘာသာရေးလူနည်းစုများ၏ဘဝနှင့်ပိုင်ဆိုင်မှုများ၊၄င်းတို့၏ဝတ်ပြုရာနေရာများနှင့်အခြားအရေးပါသည့်နေရာများကို လုံခြုံမှုပေးရေးနှင့်အကာအကွယ်များကိုတိုးမြှင့်နိုင်ပါသည်။ ကိုဗစ် COVID ကပ်ရောဂါ ဘေးကင်းလုံခြုံရေးနည်းလမ်းများချမှတ်ထားသော်လည်း နေရာစုံမှလူများကို၄င်းတို့ယုံကြည်သက်ဝင်ရာကို ငြိမ်းချမ်းစွာလေ့လာခံယူခွင့်နှင့်ကျင့်သုံးခွင့်ကို ခွင့်ပြုပေးသင့်ပါသည်။ လူမှုပေါင်းစည်းညီညွတ်ရေးနှင့်အပြန်အလှန် လေးစားခြင်းကိုတက်ကြွစွာတိုးြမှင့်လျက်ဘာသာခြားအချင်းချင်းဆွေးနေွးမှုစကားဝိုင်းနှင့်ဘာသာတစ်ခုချင်းဆီအတွင်းအလေ့အထများ ဆွေးနွေးခြင်းစကားဝုိင်းများကဲ့သုိ့သောကိစ္စရပ်များဖြင့်လူထုအုပ်စုအတွင်းအကြမ်းဖက်မှုများကို ကာကွယ်ရန် အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းရေးကိုတိုးမြှင့်စေပါသည်။ဘာသာရေးလူနည်းစုများအတွက်ဥပဒေဆိုင်ရာအကာအကွယ်ပေးခြင်းများကိုထားရှိခြင်းဖြင့်အထွတ်အထိပ်ထားနေရာများ၏လုံခြုံရေးကို ကာကွယ်ပေးသင့်ပါသည်။[86]

**ဦးတည်လုပ်ဆောင်ခံရသည့်အခွင့်အရေးအလွဲသုံးစားပြုမှုများခံစားရသူများကိုတရားမျှတမှုရရှိစေရေးလုပ်ဆောင်ပေးခြင်း၊**လူများစုဘာသာရေးဓလေ့ထုံးစံများ၏အဖွဲ့ဝင်များအကြား အပြစ်မှလွတ်မြောက်ရှောင်လွှဲခြင်းကျယ်ပြန့်စွာဖြစ်ပွားလျက်ရှိသည့်ယဉ်ကျေးမှုသည်အဓိကစိုးရိမ်ဖွယ်

---

[86] ကုလသမ္မဂ ဘာသာရေးနေရာများကို မြို့ပြတိုးချဲ့ခြင်းမှ အကာအကွယ်ပေးခြင်းဆိုင်ရာလုပ်ဆောင်ချက်များသည် လူများနှင့်အထွပ်အထိတ်ထားနေရာများကုိ နိုင်ငံတော်နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းမှာကာကွယ်ဂုန် မတူညီသည့်သက်ဆိုင်သူများနှင့်မည်သုိ့လက်တွဲလုပ်ဆောင်ရမည်ကို လမ်းညွှန်ချက်များစွာ ပေးထားသည်။ လမ်းညွှန်ချက်ကို ဤနေရာတွင် ရနိုင်သည် https://www.un.org/sg/sites/www.un.org.sg/files/atoms/files/12-09-2019-UNAOC-PoA-Religious-Sites.pdf

တစ်ရပ်ဖြစ်ပါသည်။ အစိုးရနှင့် မိတ်ဖက်များသည် ထိုအလွဲသုံးစားခံရသူသားေကောင်များအား အခွင့်အရေးများ အလွဲသုံးစားပြုခံရသောအခါ တရားစီရင်ရေးနှင့် လူမှုရေးဆုိင်ရာပံ့ပိုးမှုများကို ရရှိနိုင်စေရန် ဆောင်ရွက်သင့်ပါသည်။

**လူနည်းစုများအတွက်တန်းတူညီမှုရှိသည့်ကိုယ်စားပြုမှုကို သေချာစေခြင်း၊** ဘာသာရေးလူနည်းစုများသည်အစိုးရလုပ်ငန်းများ၊ လွှတ်တော်များနှင့်လုံခြုံရေးတပ်ဖွဲ့များတွင် အချိုးကျကိုယ်စားပြု ပါဝင်မှု လျော့နည်းလျက်ရှိပါသည်။ထိုမှ ျတမှုမရှိခြင်းကို ပြန်လည်ဆောက်တည်နုိင်ရန် ခိုင်မာသည့် လုပ်ဆောင်ချက်များလိုအပ်ပါသည်။ အစိုးရသည်လည်းပညာရေးတွင် လက်ရှိခွဲခြား ဆက်ဆံခြင်း ဖြစ်ပေါ်စေသည့် အလေ့အထများ ဝန်ထမ်းငှားရမ်းခြင်းလုပ်ငန်းစဉ်များအပါအဝင် စသည်တို့ကို အသစ်ပြန်လည်ပြင်ဆင်သင့်ပါသည်။

**အားလုံးအတွက် အရည်အသွေးကောင်းမွန်သည့် ပညာရေးကို တန်းတူညီမှ ျတစွာရရှိနိုင်ရေး၊** လူထုပညာရေးသည် အစိုးရဆက်စပ်နယ်ပယ်လုပ်ငန်းများအတွက် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်းပုံစံသွတ်သွင်းခြင်းနည်းလမ်းများအတွက်ချိတ်ဆက်လျက်ရှိပါ သည်။ပညာရေးသည်လူထုရင်းနှီးပေါင်းစည်းညီညွတ်ခြင်းကိုတိုးမြှင့်ပေးနိုင်သည်ဟူသည့် နိယာမ ကိုနိုင်ငံတော်နှင့် ဒေသတွင်းအဆင့်များ၊အစိုးရနှင့်ဘာသာရေးခေါင်းဆောင်များ၊ လူထုအစုအဖွဲ့ များမှခိုင်မာစွာလက်ခံထားသင့်ပါသည်။သင်ရိုးညွှန်းတမ်းများကိုဘာသာရေး လူနည်းစုအုပ်စုများ အား လေးစားအသိအမှတ်ပြုခြင်းမရှိမှု နှင့် ကိုက်ညီသည့်ကုိယ်စားပြုမှုမရှိခြင်း၊ စသည်တုိ့ကို ပြင်ဆင်ရန်လိုအပ်ပြီး ဘာသာရေးတွင်လည်း အခြားယုံကြည်သက်ဝင်မှုများကို ထိခိုက်ခြင်းမရှိဘဲ ယှဉ်ပြသင်ကြားခြင်းမျိုးကို ပြုလုပ်သင့်ပါသည်။ ဘာသာရေးအားကျောင်းများတွင် နိုင်ငံတော် သင်ရိုးညွှန်းတမ်းအစိတ်အပိုင်းတစ်ခုအဖြစ်သင်ကြားပါကဆရာဖြစ်သင်တန်းများကို ဘာသာရေး သင်ကြားပို့ချသည့်ဆရာများအတွက်ပို့ချပေးခြင်းဖြင့်၄င်းတို့သည်ဘာသာရေးများကိုသင်ကြားရာ တွင်ထိရောက်မှုရှိရှိသက်တောင့်သက်သာဖြင့်သင်ကြားနိုင်မည်ဖြစ်ပါသည်။ ဆီလျော် ကိုက်ညီပါက ဘာသာစကားပေါင်းစုံဖြင့်သင်ကြားမှုများကို စတင်မိတ်ဆက်သင့်ပါသည်။

**လူနည်းစု အမျိုးသမီးများနှင့် ကလေးငယ်များကို အကာအကွယ်ပေးမှု ရရှိစေခြင်း၊** အမျိုးသမီးများနှင့် ကလေးသူငယ်များသည် လူထုအဖွဲ့ဆိုင်ရာအကြမ်းဖက်မှုဥပမာမုဒိမ်းမှု ကဲ့သော ကိစ္စရပ်များဒဏ်ကုိ အစဉ်ခံစားရလျက်ရှိပါသည်။ အစိုးရသည် ကြိုတင်တွက်ဆပြင်ဆင်ထားသည့် နည်းလမ်းများကိုအကောင်အထည်ဖော်ကာလူနည်းစုအမျုိးသမီးများနှင့် ကလေး သူငယ်များအပေါ် ကျားမလိင်အခေြပြု အကြမ်းဖက်မှုများကို ဖေြရှင်းဆောင်ရွက်သင့်ပါသည်။

**ဒေသတွင်း ပူးေပါင်းဆောင်ရွက်မှုများ ထူထောင်ခြင်း၊** တောင်အာရှနှင့် အရှေ့ တောင်အာရှ အတွင်း ဘာသာရေးဆိုင်ရာလူနည်းစုနှင့် လူများစုအုပ်စုများ၏အချင်းချင်းချိတ်ဆက်မှုရှိသည် ဖြစ်သည့် အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်နှင့် တွဲဖက်လေ့လာခြင်းယန္တရားများကိုအားဖြည့် လုပ်ဆောင်သင့်ပါသည်။အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့အစည်း (ASEAN) သည် အာဆီယံ လူ့အခွင့်အရေးကြေညာချက်(AHRD)ကို၂၀၁၂ခုနှစ်တွင် ကြေညာခဲ့ပြီး ဘာသာရေးအခြေပြု နောက်ခံများအလိုက်ခွဲခြားဆက်ဆံခြင်းမှလွတ်လပ်ခွင့်ကိုအသိအမှတ်ပြုထားပါသည်။သို့သော် လည်း လူ့အခွင့်အရေးဆိုင်ရာ အာဆီယံ ASEAN အစိုးရများကော်မရှင် (AICHR) သည် လက်ရှိတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို စောင့်ကြည့်ရန် သို့မဟုတ် အရေးယူရန် လုပ်ပိုင်ခွင့်မရှိပါ။ AICHRသည် စွမ်းအားနှင့်အရှိန်အဟုန်မြင့်ကာလူနည်းစုများအား ဘာသာရေးခွဲခြားဆက်ဆံခြင်း များကိုအကာအကွယ်ပေးရန်လုပ်ဆောင်ခြင်းမရှိသည့်အစိုးရများအားဖိအားပေးတုိက်တွန်း လုပ်ဆောင်သင့်ပါသည်။

---

**ဥရောပသမဂ္ဂမှ ရံပုံငွေပံ့ပိုးထားသည့် “အရှေ့တောင်အာရှ၊ ဘာသာခြားအချင်းချင်း ဆွေးနွေးတိုင်ပင်ခြင်း နှင့် ဘာသာရေး သို့မဟုတ် ယုံကြည်မှု လွတ်လပ်ခွင့် (SEA-AIR)” စီမံကိန်းအား ဘာသာရေးနှင့် ဓလေ့ထုံးတမ်း ယဉ်ကျေးမှု ငြိမ်းချမ်းရေးဖော်ဆောင်သူများကွန်ရက်၊ ဖင်န်ချက်ကျောင်းအကူအညီ၊ ငြိမ်းချမ်းရေးအတွက် ဘာသာရေးများဆိုင်ရာကမ္ဘာ့ညီလာခံ၊ ကမ္ဘာ့ဘာသာရေးသက်ဝင်ယုံကြည်မှုများ ဖွံ့ဖြိုးရေးစကားဝိုင်း၊ ကမ္ဘာတစ်ဝှမ်းအစ္စလမ်မစ်ကယ်ဆယ်ရေး နှင့်ဆာသီရာကို့စ် နာကပရာဒီပါ ဖောင်ဒေးရှင်းတို့နှင့် တွဲဖက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**

---

အချက်အလက်များ ပိုမိုရယူနိုင်ရန် the SEA-AIR စီမံကိန်းမန်နေဂျာထံ philip.gassert@kua.fi သို့ ဆက်သွယ်နိုင်ပါသည်။

SEA-AIR Project

Funded by the European Union

WORLD FAITHS DEVELOPMENT DIALOGUE

The Network for Religious and Traditional Peacemakers

FCA Finn Church Aid

ISLAMIC RELIEF

Religions for Peace